

# အခန်း(၁)

## အပြုံး နဲ့ဘဲ သံသရာချေမယ်သခင်

## မြမြစိမ်း

## အခန်းတစ်

ချမ်းအေးသော ငွေတိမ်လိုင်းတို့က အိ၍ အိ၍ ကျနေ၏ ။ အနီးပတ်ဝန်းကျင်၌ ပီပီပြင်ပြင်မရှိသော ကာလအား ညနေဆည်းဆာက စိုးမိုးလုပြီရှိသဖြင့် ပို၍ ပင်ထိုဝန်းကျင်၌ မြူမှုံ ငွေနှင်းတို့က သိပ်သည်း၍ နေသည်။

ဆူညံခြင်းလည်းမရှိ၊ တိတ်တိတ်ဆိတ်ဆိတ်နိုင်လွန်းလှ၏ ။

စိမ့်သည် တဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ခြံစည်းရိုးမှုသာ ခြားသော တိုက်ပုကလေးကိုပင် မမြင်ရ၊ သို့သော် မီးစွယ်ကျနေသည်ကိုတော့ စိမ့်သည်တွေ့လိုက်ရ၏ ။

ငွေနှင်းမှုံ တို့သည် ပတ်ဝန်းကျင်ကိုသဲသဲမဲမဲနှင့် စိုးမိုးလျက်ရှိနေခြင်းကြောင့် ဖြစ်ပေသည်။

ပြူး ကျယ်ဝိုင်းစက်သော မျက်လုံးကလေးများ ဖြင့် သူ့မျက်နှာကိုမော့၍ စူးစိုက်ကြည့်နေသော ကလေးငယ်ဆီသို့ စိမ့်ကလှည့်ကြည့်လိုက်ပြန်သည်။

“ပြန်တော့မလား မီမီ”

ကလေးငယ်က ခေါင်းကလေး ဆတ်ကနဲညှိတ်ပြလိုက်၏ ။

စိမ့်သည် ခလေးငယ်ကို ပွေ့ချီလိုက်သည်။

စောင်တထည်ကိုခြုံကာ ရေနွေးကြမ်းသောက်နေသော မိခင်ဆီသို့

စိမ့်ကလှမ်းကြည့်လိုက်ပြီး..

“ခလေးကိုပြန်ပို့ လိုက်အုံးမယ် မေမေ ...”

“အေး....အေး.....”

အေးစိမ့်သော လေနှင့် နှင်းမှုံ တို့က အိမ်အပြင်ဘက်သို့ ရောက်သည်နှင့် ဆွတ်ဖြန်း တွေ့ထိလာသော ကြောင့် စိမ့်သည် မိမိ၏ ကိုယ်လုံးကလေးကို ပိုမိုတင်းကြပ်နေအောင်ဖက်ကာ တဘက်ခြံဆီသို့ သွက်သွက်ကလေး လျှောက်လာ၏ ။

ခေတ်ဆန်ဆန် တိုက်ပုကလေး၏ တံခါးရှေ့သို့ ရောက်လျှင် စိမ့်သည်ရပ်လိုက်ကာ တံခါးကိုအသာ တွန်းလိုက်သည်။

မျက်နှာပေါ်မှ နှင်းရည်နှင်းစက်ကလေးများ ကို သုတ်ပစ်ရင်း လှမ်းကြည့်လိုက်သော် စိမ့်၏ မြင်ကွင်းထဲတွင် လှမြတ်သူဇာ၏ လှုပ်ရှားနေသော သဏ္ဍာန်ကိုတွေ့လာရ၏ ။

လှမြတ်သူဇာသည် ပိုက်တပ်ထားသော စီးကရက်ကို လက်ကြားတွင် ညှပ်ကာ လက်တဘက်တွင် စာရွက်တခုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏ ။

မီးလင်းဖို၏ အလင်းရောင် ဖြင့် စိမ့်သည် လှမြတ်သူဇာ မည် မျှ စိတ်လှုပ်ရှားနေကြောင်းကို ပီပီပြင်ပြင် တွေ့နေရပေသည်။

စိမ့်သည် ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်သည်။

မီးလင်းဖိုမှ အနွေးဓာတ်သည် စိမ့်ကို ဆီးကြိုနှုတ်ဆက်လိုက်၏ ။

ဧည့်ခန်းထဲသို့ ဝင်လာသော စိမ့်ကို လှမြတ်သူဇာသည် သတိပြုမိသွားကာ ခြေလှမ်းများ တုံ့ကနဲရပ်သွားပြီး စိမ့်ကို လှမ်းကြည့်နေ၏ ။

“မီမီအိမ်ပြန်ချင်ပြီဆိုတာနဲ့ စိမ့်လာပို့တာ”

စိမ့်က ဆိုဖာတစ်ခုပေါ်သို့ မီမီကလေးကို အသာချပေးရင်း လှမြတ်သူဇာကို ပြောလိုက်သည်။

"ထိုင်ပါအုံးလား စိမ့်"

မတ်တပ်ရပ်လျက်ပင် ရှိနေသေးသော စိမ့်ကို လှမြတ်သူဇာက အထိုင်ခိုင်းနေ၏ ။

"မမမြတ် ဘယ်အချိန်က ပြန်ရောက်သလဲဟင်"

"သိပ်မကြာသေးဘူး နာရီဝက်လောက်ဘဲ ရှိအုံးမယ် ထင်တယ်၊ ဒီနေ့ကားရိုက်ရတာ လဲ အဆင်မပြေပါဘူး စိမ့်ရယ်....၊ မင်းသားက အသစ်ဆိုတော့ တခန်းကို သုံးလေးခါ ပြန်ရိုက်နေရတယ်၊ ဒီကြားထဲ အိမ်ပြန်လာတော့ ဟောဒီစာက ရောက်နေပြန်တယ်လေ"

စာတွင် ပါသော အကြောင်းအရာကို စိမ့်မသိရသော်လည်း လှမြတ်သူဇာအတွက် စိတ်အနှောက်အယှက် ဖြစ်နေရသည်ဟုတော့ စိမ့်ကတွေးလိုက်မိသည်။

လှမြတ်သူဇာသည် စီးကရက်ကို တချက်ဖွာရှိုက်လိုက်သည်။ အဆုပ်တွင်းမှ တဆင့် ပြန်ထွက်လာသော အခိုးအငွေ့များ ကို သူကြည့်ရင်းက တစုံတခုကို စဉ်းစားနေဟန်ရှိနေ၏ ။

စိမ့်သည် မီမီကလေး၏ နံဘေးတွင် ထိုင်ရင်းက လှမြတ်သူဇာ၏ လှုပ်ရှားမှုများကို အကဲခတ်နေ၏ ။

လှမြတ်သူဇာ၏ မျက်နှာသည် တစုံတခုကို ကြေနပ် နှစ် သိမ့်သွားဟန်ဖြင့် ဝင်းလဲ့သွား၏ ။

" အင်း ... ဟုတ်ပြီ "

တကိုယ်တည်းပြုံး ၍ ဦးခေါင်းကိုဆတ်ကနဲညိတ်ကာ လက်ထဲမှ

ပိုက်တပ်ထားသော စီးကရက်ကို ပြာခွက်ထဲသို့ ထည့်လိုက်ပြီး စိမ့်အနီးသို့ သူကလျှောက်လာ၏ ။

"စိမ့် ...."

"ရှင် ...."

စိမ့်က လှမြတ်သူဇာအား မော့ကြည့်လိုက်သည်။

"မမမြတ်၊ စိမ့်ကိုအကူအညီတခု တောင်းချင်တယ်ကွယ်......"

"စိမ့်တတ်နိုင်တာ ဆိုရင်တော့ အချိန်မရွေး ကူညီဖို့အသင့်ပါဘဲ မမမြတ်"

"စိမ့်တတ်နိုင်တာကိုဘဲ မမမြတ် တောင်းခံမှာ ပါဘဲကွယ်၊ စိမ့်ကို မမမြတ်အကူအညီတောင်းရမှာ ကတော့ ဟောဒီစာနဲ့ ပက်သက်လို့ပါဘဲ"

"ရှင်....."

စိမ့်ထံမှ အာမေဋိတ်သံ ထွက်လာ၏ ။ မျက်လုံးကလေးလည်း စိုင်းဝိုင်းလည်သွားရှာ၏ ။

လှမြတ်သူဇာ၏ လက်ထဲတွင် ဆုပ်ကိုင်ထားသော စာနှင့် သူသည် မည် သို့ များ ပက်သက်နေသနည်းဟု စိမ့်မှာ အံ့သြနေ၏ ။

"စိမ့် အံ့သြသွားတယ် ထင်ပါရဲ့ ၊ အင်းလေ မမမြတ်ကလဲ စကားကိုလိပ်ပတ်လည်အောင်မှ မပြောသေးဘဲကို၊ ဒီလို စိမ့်ရဲ့ ရန်ကုန်မှာ ရှိတဲ့ မိမိကလေးရဲ့ ဖေဖေနဲ့ ဖွားဖွားက မိမိကလေးကို သူတို့ဆီမှာ ခြောက်လတန်သည် ဖြစ်စေ၊ တနှစ် တန်သည် ဖြစ်စေ ပို့ထားဘို့ မမမြတ်ဆီကိုစာရေး တယ်၊ အရင်ကလဲ ဒီလိုစာမျိုး မကြာခနရောက်လာခဲ့ပါတယ်၊ မိမိငယ်သေးလို့ မမမြတ်မပို့ခဲ့တာ၊ ခုတော့ သူ့ကို ကျောင်းမထားခင် ဒီနှစ် တော့ သူတို့ဆီပို့ထားမယ်လို့ စိတ်ကူးမိတယ် စိမ့်ဘယ်လို သဘောရသလဲဟင်"

"ကောင်းသားဘဲ မမမြတ်"

"အင်း .... ခက်တာက မီမီကိုမမမြတ် တယောက် ထဲပို့ မထားချင်ဘူးကွယ်၊ စိမ့်ကိုပါမမမြတ်ထည့်လိုက်ချင်တယ်"

"စိမ့် လိုက်တော့လိုက်ချင်ပါတယ် မမမြတ် ဒါပေမဲ့ အလုပ်ဝင်တို့က ရှိသေးတယ်မဟုတ်လား"

"အိုကွယ် .... နောက်နှစ် မှဘဲ အလုပ်လျှောက်ပါ စိမ့်ရယ်...၊ ဒီအတောအတွင်း ːမှာလဲ စိမ့်အတွက်မနစ်နာစေရပါဘူး၊ မမမြတ်တလတရာ့နှစ် ဆယ်ပေးပ့ါမယ်၊ မမမြတ်ခုလို စိမ့်ဆီ အကူအညီ တောင်းရတာ က စိမ့်ကို ယုံကြည် စိတ်ချလို့ပါဘဲ၊ နောက်ပြီးတော့ စိမ့်နဲ့မီမီက ခင်မင်ရင်းနှီးပြီးသား မဟုတ်လား။ စိမ့်ဘာပြောပြောလဲ သူနားထောင်တယ်။ စိမ့်အခု သူ့ကို ကျူရှင်ပေးနေတာလဲ ပျက်မသွားအောင်လို့ပါကွယ်"

လှမြတ်သူဇာသည် စကားဆုံးလျှင် မျှော်လင့်ချက် ကြီးစွာ ဖြင့် စိမ့်ထံမှ စကားအပြန်ကို စောင့်စားနေ၏ ။

စိမ့်သည် ရဲရဲတောက်နေသော မီးလင်းဖို့ကို စူးစိုက်ကြည့်ရင်းတစုံတခုကို စဉ်းစားနေဟန်ရှိ၏ ။

"ဘယ်လိုလဲစိမ့်ရယ် ... မမမြတ်ကို ကူညီမယ်မဟုတ်လား"

လှမြတ်သူဇာသည် စိမ့်၏ လက်ကောက်ဝတ်ကလေးကို ဆုပ်ကိုင်ကာ မေးနေပြန်၏ ။

"စိမ့်မေမေနဲ့ တိုင်ပင်ပါရစေအုန်း မမမြတ် ... စိမ့်အနေနဲ့ ကတော့ မီမီကလေးအပေါ် သိပ်သံယောဇဉ် ရှိနေတော့ သူနဲ့ သွားရမှာ ကို စိမ့်ပျော်ပါတယ်။ ပါပါနဲ့ မေမေ့ သဘောကိုစိမ့်မေးကြည့်ပါရစေအုန်း"

"ဟုတ်ကဲ့ .... စိမ့်အရင် ပြောကြည့်ပါအုန်းမယ် ....ဟော ....မီမီအိပ်တောင်ပျော်သွားပြီ"

သူ့နံဘေးတွင် ခွေခွေကလေး အိပ်ပျော်သွားသော မိမိကလေးကို စိမ့်က သတိပြု

မိသွား၏ ။

"ဒီနေ့ မိမိငြိမ်ချက်သား ကောင်းနေတာ သိပ်အိပ်ချင်နေလို့ကိုး ...."

ပြောပြောဆိုဆိုစိမ့်သည် မိမိ၏ ကိုယ်လုံးကလေးကို ယုယစွာ ပွေ့ချီကာ သူ၏ ကုတင်ကလေးဆီသို့ သယ်ဆောင်သွား၏ ။ စောင်ကလေးခြုံ၊ ခြင်ထောင်ကိုအသေအချာ ချထားပေးပြီးမှ စိမ့်သည် ဧည့်ခန်းထဲသို့ ပြန်ထွက်လာ၏ ။

လှမြတ်သူဇာသည် ဆိုဖာပေါ်တွင် ထိုင်၍ ငိုင်လျက်ပင်။

"စိမ့်ပြန်လိုက်အုန်းမယ် မမမြတ်"

"အေးကွယ် ... မမမြတ်ကိုလဲအကျိုး အကြောင်းအမြန်ဆုံးပြန်နော်၊ မမမြတ်မှာ စိမ့်တို့သွားတို့ အစီအစဉ်တွေ လုပ်ရအုန်းမယ် ...."

"ဟုတ်ကဲ့ .... မေမေနဲ့ တိုင်ပင်ပြီး မနက်ဖြန် ကျတော့စိမ့်စကားပြန်ပါ့မယ် ...."

" ကျေးဇူးပါဘဲ စိမ့်ရယ် ....."

•••

# အခန်း(၂)

## အခန်းနှစ်

စိမ့်(ဝါ) စောနန်းထွေးသည် မက်မန်းခြံ အလုပ်သမားကြီး ဦးအိုက်ထွန်း ဒေါ်နန်းပုတို့၏ ချစ်မငြီးသော တဦးတည်းသော သမီးကလေး ဖြစ်၏ ။

ဦးအိုက်ထွန်းသည် ရှာဖွေရရှိသမျှ ငွေကလေးကို ချွေခြံချစ်ကုပ်ကာသမီးကလေး စိမ့်ကို ခေတ်ပညာ ဆယ်တန်းအောင်မြင်သည်အထိ သင်ကြားပေးခဲ့၏ ။ တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားလိုလျှင်လည်း သင်ကြားနိုင်ကြောင်း ဦးအိုက်ထွန်းက အခွင့်အရေး ပေးသော် လည်း စိမ့်သည် တက္ကသိုလ်ဆက် မတက်ဘဲ မူလတန်းပြ ကျောင်းဆရာ သင်တန်းကို ရောက်ခဲ့လေသည်။

ယခုဆိုလျှင် စိမ့်သည် အရည်အချင်းပြည့် ဆရာ ဖြစ်သင်တန်း အောင်မြင်လာသော ဆရာမ ကလေးတယောက် ......

မီမီကလေးနှင့် သိကျွမ်း ခင်မင် ခဲ့ပုံမှာ .... စိမ့်တို့ မက်ထရစ်အောင်စာရင်း ထွက်ပြီး၍ တပတ်ခန့်အကြာတွင် စိမ့်တို့ အိမ်ခေါင်းရင်းဖက်ရှိ တိုက်ပုကလေးရှေ့သို့ ဖိယက်ကားပြာကလေး တစီးဆိုက်ကပ်လာ၏ ။

ကြွကြွရွရွ လှလှပပဝတ်စားဆင်ယင်ထားသော ခေတ် ဆန်ဆန် မိန်းမလှတဦးနှင့် အတူ အမျိုး သားနှစ် ယောက် တိုက်ပိုင်ရှင်စော်ဘွားတူ ဦးခမ်းမောင်သည်တို့ ဖိယက်ကားကလေးပေါ်မှ ဆင်းလာကြ၏ ။

ပြူတင်းပေါက်မှ တဖက်ဆီသို့ ငေးမောကြည့်ရှု နေသော စိမ့်၏ မြင်ကွင်းထဲသို့ ထိုကားကလေး ဝင်ရောက်လာ၍ စိမ့်သည် စိတ်ဝင်စားစွာ ဆက်လက်ကြည့်ရှုနေ၏ ။

လက်ပွေ့ အိတ်အနက်ကြီးကို ကိုင်ကာ ဆင်မယဉ်သာ ခြေလှမ်းများ ဖြင့် မိန်းမလှသည် တခြံလုံး တအိမ်လုံးကို လိုက်လံကြည့်ရှုနေ၏ ။ သူ၏ မျက်နှာတွင် လည်း ကျေနပ် နှစ် သိမ့်ခြင်း ပီတိတို့ဖြင့် ဝင်းလဲ့ပြုံး ရွှင်၍ နေပေသည်။

“မေမေ ဟိုဖက်ခြံကို လူသစ်တွေ ပြောင်းလာကြတော့မယ်နဲ့ တူတယ် ....”

“အင်း - ဟုတ်မှာ ပေါ့ကွယ် ....”

စိမ့်မေမေက သူ့ဝတီအတိုင်း တိုတိုတုတ်တုတ်ပင် ပြန်ဖြေလိုက်၏ ။

စိတ်၏ ထင်မြင်ချက်အတိုင်းပင် တပတ်ခန့်ကြာလျှင် ယခင်က စိမ့်တွေ့ ခဲ့ရသော မိန်းမလှနှင့် အတူအိမ်ဖော် ဖြစ်ဟန်တူသော အသက် လေးဆယ်ကျော်ခန့် မိန်းမကြီးတယောက် နှင့် ဝ ဝ တုတ်တုတ်အသားဖြူဖြူချစ်စရာသုံးနှစ် အရွယ် မိန်းကလေးတို့ တဖက်ခြံဆီသို့ ပြောင်းရွှေ့လာကြ၏ ။

စိမ့်သည် ထိုချစ်စရာကောင်းသော ခလေးငယ်ကို မြင်စကပင်လျှင် စိတ်ဝင်စားခြင်းနှင့် အတူ ခင်တွယ်နေမိပေ၏ ။ အရွယ်ကလေးနှင့် မလိုက်အောင် တည်ကြည်နေသော ခလေးငယ်၏ မျက်နှာထားလေးကို မြင်တွေ့ ရလေတိုင်း စိမ့်၏ ရင်ထဲတွင် အလိုလိုကြင်နာစိတ်ပွားနေ၏ ။

တဖက်ခြံသို့ လူသစ်များ ပြောင်းရွှေ့လာကြသည်မှာ လေးငါးရက်ပင် တိုင်ခဲ့သော်လည်း စိမ့်တို့မိသားစုနှင့် စကားတစ်ခွန်းတလေမှ မပြောမိခဲ့ကြပေ။

စိမ့်တယောက် မှာ တော့ အချိန် အားလပ်တိုင်း တဖက်ခြံမှ ခလေးငယ်ကိုသာ မျှော်ကြည့်နေမိ၏ ။ ဘယ်ဘဝကရေစက် ဖြစ်သည်ကိုတော့ စိမ့်မသိ .....

“မေမေရယ် ခလေးကလေးက သိပ်ချစ်စရာ ကောင်းတာဘဲ မနေ့တုန်းက စိမ့်သူ့ကို လှမ်းကြည့်နေတာမြင်သွားတော့ စိမ့်ကို ပြုံး ပြတယ် ”

“ဟုတ်လား ....”

“ဟုတ်တယ် မေမေရဲ့ စိမ့်ကပြန်ပြုံး ပြလိုက်တော့သူ့မျက်နှာကလေး ဝင်းသွားတာဘဲ အိမ်ဖော်မိန်းမကြီး လာခေါ်လို့သာပေါ့ နို့မဟုတ်ရင် စိမ့်နဲ့ သူ စကားပြောမိကြမှာ ”

“သမီးကလဲလေ တနေ့တနေ့ ဒီခလေးကိုဘဲ စိတ်ဝင်စားနေတာဘဲ မေမေတို့နဲ့

အပေါင်းအသင်း မလုပ်ချင်လို့ နေနေကြတဲ့ လူတွေ ကို သမီးဘာလို့ အရောဝင်ချင်နေတာလဲကွယ် ”

စိမ့်မေမေ၏ စိတ်ထဲတွင် တဖက်ခြံမှ လူများ သည် သွေးကြီးမွေးကြီး နိုင်လှသည်ဟု ထင်မှ တ်နေ၏ ။

စိမ့်က သူ့မေမေ၏ မျက်နှာကို ငေးမော၍ ကြည့်နေပြန်၏ ။

“သွေးမကြီးတတ်တဲ့ လူတွေ သာဆိုရင် အိမ်နီးနားပါးချင်းနဲ့ မိတ်ဖွဲ့တာကြပြီ။ မေမေလဲ ခလေးမလေးကို သတိ ပြုမိပါတယ်။ ချစ်စရာကလေးပဲကွဲ့။ ခမျာလဲလူလစ်တိုင်း ဒီဖက်ခြံကို ကိုပဲ ကြည့်နေရှာတယ်”

“ဟုတ်တယ် မေမေရဲ့ စိမ့်သတိပြုမိတာလဲ လေးငါးခါရှိသွားပြီ ... ဒါနဲ့ အဲဒီ အိမ်က အမျိုး သမီးကို စိမ့်မြင်ဘူးပါတယ် စိမ့် မြင်ဖူးပါတယ်လို့ ထင်နေတာခုမှပဲ၊ နံမယ်ကျော်အဆိုတော် နဲ့ ရုပ်ရှင်မင်းသမီး လှမြတ်သူဇာ ဖြစ်နေမှန်း သိရတော့တယ်”

“အင်း ... ဟုတ်လား .... မေမေ ကတော့ ရုပ်ရှင် မကြည့်တော့ မသိပါဘူးကွယ်”

“သမီးတော့ သူ့ဇာတ်ကားတွေ ကို ခနခနပဲကြည့်ဖူးတယ်ဟော.....”

“ဘာလဲသမီး”

“ဟုတ်ပါဘူး ..... ချာတိတ်မလေး ခြံထဲဆင်းလာလို့ပါ”

မီမီကလေးသည် ဘောလုံးနီနီကလေးကို ပစ်ကာ၊ ပစ်ကာ ကစားနေ၏ ။ ပြူ တင်းပေါက်တွင် ရပ်ကာ သူ့အား ငေးကြည့်နေသော စိမ့်ကိုသတိပြုမိလျှင် မီမီကလေးသည် လက်ထဲမှ ဘောလုံးကလေးကို စိမ့်တို့ခြံတွင် းသို့ ပစ်လိုက်၏ ။

သံဆူးကြိုး ခတ်ထားသော ခြံစည်းရိုးအနားသို့ မီမီကလေးက ပြေးလာပြီး ....

“မမ ဘောလုံးကောက်ပေးပါနော်”

“စိမ့်ကနှစ် လိုဖွယ်ရာပြုံး ၍ ခြံထဲသို့ ပြေးဆင်းလာ၏ ။

“နာမည် ဘယ်လိုခေါ်လဲဟင်”

“မီမီပါ ”

“ နာမည် လေးက ချစ်စရာလေးပဲ”

မီမီက ရှက်ပြုံး ကလေးပြုံး နေ၏ ။

“ မမ နာမည် ကော”

စိမ့်ကို တပြန် မေးနေပြန်၏ ။

“စိမ့် လို့ ခေါ်တယ် ”

“ စိမ့် ... အင်း မီမီက စိမ့်စိမ့်လို့ ခေါ်မယ်”

“ ကြိုက်သလိုခေါ်ပါကွယ် ”

“မီမီလေးသိပ်ပျင်းတာပဲ စိမ့်စိမ့်ရယ် ကစားဖော်လဲမရှိဘူး မီမီကစားရင်လဲ ကြီးမေကြီးကသိပ်ဆူတယ်၊ မေမေကလဲမကြိုက်ဘူး ...”

“ ဟုတ်လား ”

“ ဟုတ်တယ် စိမ့်စိမ့်ရဲ့ .... မီမီလေ စိမ့်စိမ့်ကို သိပ်ချစ်တာပဲ စိမ့်စိမ့်နဲ့ သိပ်ကစားချင်တာပဲ ”

“ မီမီ ....ဒီကောင်မလေး ဘယ်ရောက်သွားတာလဲ ”

မီမီကလေးသည် မျက်နှာငယ်ကလေးဖြင့် စိမ့်၏ လက်ထဲမှ ဘောလုံးကလေးကို ကပျာကရာလှမ်းယူလိုက်ပြီး ...

“ မီမီဒီမှာ ပါ မေမေ ”

“ ဘာလုပ်နေတာလဲ”

လှမြတ်သူဇာက မီမီအနားသို့ လျှောက်လာရင်း မေးနေ၏ ။

“ ဘောလုံးကလေး ကစားရင်းနဲ့ ဟိုဖက်ခြံထဲ ရောက်သွားလို့ ဒီမမကကောက်ပေးနေတာပါ ”

လှမြတ်သူဇာက စိမ့်၏ မျက်နှာကလေးကို မပွင့်တပွင့်ပြုံး ၍ ကြည့်လိုက်သည်။

“ ထမင်းစားဖို့ ကြီးမေစောင့်နေတယ် သွားတော့ ”

“ ဟုတ်ကဲ့ ”

မီမီကလေးသည် ဘောလုံးကလေးကိုပိုက်ကာ မိခင်ထံပါးမှ အပြေးအလွှား ထွက်ခွာသွား၏ ။

“ ညီမကဒီအိမ်ကလား ”

လှမြတ်သူဇာက စိမ့်ကိုမေးနေ၏ ။

“ဟုတ်ပါတယ် ”

“အင်း ...မမမြတ်လို့လဲ ပြောင်းလာကတည်းက ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်နေတာနဲ့ အိမ်နီးနားချင်းတွေ ကိုတောင် အသိမိတ်ဆွေ မဖွဲ့ရသေးဘူး ၊ ညီမနာမည် ဘယ်လိုခေါ်လဲဟင် ”

“ စိမ့်လို့ခေါ်ပါတယ် မမမြတ် ”

“အေးကွယ် ...... အားတဲ့အခါလဲ မမမြတ်တို့အိမ် လာလည်ပါ၊ မိန်းမသားတွေ ချည်းပါပဲ၊ မမ ကတော့ စိမ့်မြင်တဲ့အတိုင်းပဲ ... အိမ်ကိုကပ်ရတယ်မရှိဘူး .....၊ အိမ်မှာ မီမီကိုကြည့်ရှုဖို့ ဒေါ်ကြီးမေရှိနေလို့သာပေါ့ ဒါမှမဟုတ်ရင် မမမြတ်မှာ အခက်ပဲ ”

“ နောက်ဆိုရင် စိမ့်လဲမီမီကို ကူထိန်းပေးပါ့မယ်၊ စိမ့်က ကလေးဆို သိပ်ချစ်တာပဲ”

ထိုနေ့မှအစပြု၍ စိမ့်နှင့် လှမြတ်သူဇာတို့ ခင်မင်မှု အစပျိုး ခဲ့ကြ၏ ။

နောက်နေ့ များ တွင် စိမ့်သည် လှမြတ်သူဇာ၏ အိမ်သို့ တခေါက်တလေ

လာရောက်ရှိခဲ့သော်လည်း မီမီကလေး ကတော့ စိမ့်တို့အိမ်တွင် အချိန်ပြည့်ရောက်ရှိနေတတ်၏ ။

တီတီတာတာပြောတတ်သော ကလေးပေမို့ စိမ့်တို့တမိသားလုံးမှာ မီမီကလေးကို သံယောဇဉ်တွယ်နေ၏ ။

"စိမ့်စိမ့်ကို မီမီ သိပ်ချစ်တာဘဲ "

"စိမ့်စိမ့်ကလဲ မီမီကို သိပ်ချစ်ပါတယ်ကွယ်"

"မေမေ ကတော့ မီမီကိုမချစ်ပါဘူး "

ညှိုး ငယ်သော မျက်နှာကလေးဖြင့် မီမီကလေးက ပြောလာသည်။ စိမ့်၏ ရင်တွင် းအမည် မဖော်တတ်သော ဝေဒနာ ဖြစ်ရလေ၏ ။

တခါတရံ

"မေမေကြီးက စိမ့်စိမ့်ကို သမီး .... သမီးလို့ ခေါ်တယ်။ အဲဒါ ဘာ ဖြစ်လဲဟင် ...."

စိမ့်၏ မျက်နှာကလေးကို စေ့စေ့ ကြည့်၍ လည်း မီမီက မေးတတ်၏ ။

"ချစ်လို့ပေါ့ကွယ် ...."

ထို့ ထက်ပို၍ စိမ့်မဖြေတတ်။

"ချစ်လို့ ... မေမေ ကတော့ တခါမှ မီမီကို သမီးလို့ မခေါ်ဘူး ။ အဲဒါမချစ်လို့ ပေါ့နော် "

စိမ့်ရင်ထဲတွင် နင့်ကနဲ ဖြစ်သွား၏ ။

"အို ... မဟုတ်ပါဘူးကွယ် ...မီမီ့ကို သူက ချစ်ပါတယ် "

" ဟင့်အင်း ...."

မီမီက စိမ့်၏ အဖြေကို မကျေနပ်ဟန်ဖြင့် ခေါင်းကလေး ရမ်းခါနေ၏ ။

စိမ့်စိမ့်ကို မေမေကြီးချစ်သလို မချစ်ပါဘူး .... တချိန်လုံး ဆူနေတာဘဲ .... တခါတလေ ငြိုဟ်ကောင်မလေးတဲ့”

ဝိုင်းစက်သော မျက်လုံးကလေးများ ထဲတွင် မျက်ရည်စများ ဝိုင်းဝိုင်းလည်ကာ မီမီကပြောလာ၏ ။ စိမ့်၏ မျက်လုံးအစုံတွင် လည်း အလိုလိုမျက်ရည် စို့လာ၏ ။

စိမ့်တို့အိမ်က ကြောင်မကြီး သားပေါက်သည့် နေ့ကလည်း စိမ့်သည် မီမီနှင့် ပက်သက်ပြီး စိတ်ထိခိုက်မိရပြန်လေသည်။

သားပေါက်ကလေးတွေ ကို နို့ချိုတိုက်ကျွေးနေသော ကြောင်မကြီးမိဝါကို မီမီကလေးသည် မျက်တောင်မခတ် စိုက်ကြည့်နေ၏ ။ ယင်းသို့ ကြည့်ရင်းက ဘာတွေ တွေးနေသည် မသိ မျက်နှာကလေးသည် ညှိုး ငယ်သွားလိုက် ..... ဝင်းထိန် သွားလိုက်နှင့် ဖြစ်နေ၏ ။

စိမ့်သည် သူ့အနီးတွင် ထိုင်ချကာ ... သူ့လက်ကလေးကို ဆုပ်ကိုင်လိုက်လေသည်။

“မီမီဘာတွေ တွေးနေတာလဲဟင် ...”

“ကလေးတွေ နို့စို့ နေတာကိုဘာလို့ မိဝါကြီးက လျှာနဲ့လျှက်ပေးနေတာလဲဟင် .... ကလေးတွေ ကို ချစ်လို့လား ”

“အင်း ... သူ့ကလေးတွေ ကို ချစ်လို့ပေါ့ကွယ် .....”

“သူတို့လဲ ချစ်တတ်တယ်နော် ..... မေမေက သူတို့လောက်တောင် မီမီကို မချစ်တတ်ဘူး .....”

စိမ့်မှာ ဘာပြန်ဖြေရမှန်းမသိ စကားတတ်လွန်းသော မီမီကလေးကိုသာ ငေးမောကြည့်နေ၏ ။

“စိမ့်စိမ့် ....”

မီမီက စိမ့်၏ လက်မောင်းကို လှုပ်၍ ခေါ်လိုက်၏ ။

"ဘာလဲ မီမီ ...."

"ဒီကောင်ကလေးတွေ မှာ အဖေမရှိဘူးလားဟင် ..."

" ရှိတာပေါ့ကွယ် ...."

"သူတို့အဖေက ဘာလို့ သူတို့အနားမှာ မနေတာလဲဟင် "

စိမ့်မှာ အခက်တွေ့နေ၏ ။ ဘာပြန်ဖြေရမှန်းမသိ ..... ယင်းအခိုက် မီမီက သူ့ဖာသာသူ အဖြေပြန်ပေးနေပြန်၏ ။

"အဖေဆိုတာ ဘယ်တော့မှ အနားမှာ မနေဘူးနဲ့ တူတယ် သိပ်ဆိုးတာပဲနော် စိမ့်စိမ့် .... မီမီအဖေလဲလေ ..... ဟိုး အဝေးကြီးမှာ သွားနေတယ် .... မီမီ့ ဆီကို တခါဘဲ လာဖူးတယ် ...."

" ဟုတ်လား ဘယ်တုန်းကလဲဟင် ... "

"ကြာလှပြီ စိမ့်စိမ့်ရဲ့ .... မေမေကပြောတယ်၊ အဲဒါနင့်အဖေတဲ့ မီမီအဖေက မကောင်းဘူးလို့ ပြောတယ်"

" မီမီ့ အဖေကကော မီမီ့ ကို ချစ်မှာ ပေါ့နော် "

" ဟင့်အင်း ....မီမီ့ကို သူ့ရှေ့မှာ လာရပ်ခိုင်းပြီး သေသေချာချာကြည့်တယ် ... သမီးလို့လဲမခေါ်ဘူး .... မွှေးမွှေးလဲ မပေးဘူး ....မချစ်ပါဘူးစိမ့်စိမ့်ရယ် ... "

စိမ့်သည် ဆက်၍ မကြားလိုတော့ မီမီကလေး၏ ကိုယ်လုံးကလေးကို သူ့ရင်ခွင်ဆီသို့ ပွေ့ယူလိုက်ကာ သူ့ပါးနှင့် မီမီကလေး၏ ပါးကို ကပ်ထားလိုက်မိသည်။

တကယ်တော့ မီမီကလေးသည် မေတ္တာတရား ခေါင်းပါးသော သူတို့တွင် မွေးဖွားလာသော ကလေး တစ်ယောက် ဖြစ်၏ ။

ရေငတ်သူ ရေကို တောင်းတ ဘိသကဲ့သို့ အမိနှင့် အဖ၏ ချစ်ခင်ယုယ ပိုက်ထွေးပြုစုမှု ကို မီမီကလေးသည် တောင်းတနေရှာ၏ ။ တောင်းတပင်

တောင်းတငြေားသော် လည်းမခံစားရ၍ အရွယ်နှင့် မလိုက်အောင်
စိတ်ထိခိုက်နေတတ်သည်ကို ယခုတော့စိမ့်သည် ကောင်းကောင်းကြီးသိလာရပြီ ဖြစ်၏ ။

အပြစ်ကင်းစင်သော ကလေးငယ်ကို လူ့လောကသံသရာ အတွင် းသို့
ဇွတ်အတင်း သွင်းလာသော အမိအဖမမည် သော မိဘများ ကို စိမ့်သည် ရွံမုန်းမိ၏ ။
သူတို့အတွင် းရေး မည် သို့ ပင်ရှိစေကာမူ စိမ့်သည် ခွင့်မလွတ်နိုင်။ အလွန်အမင်းဒေါသ
ထွက်နေမိ၏ ။

ထို့ကြောင့် လည်း လှမြတ်သူဇာနှင့် ဆယ်ခါတွေ့ မှ တခါလောက်သာ
ဟက်ဟက်ပက်ပက် စကားပြောတတ်လေသည်။

သူမမြင်ဘူးသော မီမီကလေး၏ ဖခင် ဒေါက်တာကျော်နောင်ကိုလည်း စိမ့်သည်
အတော် ပင် မကျေမနပ် ဖြစ်နေ၏ ။

လှမြတ်သူဇာသည် တတိုင်းတပြည်လုံးတွင် ထင်ပေါ်ကျော်ကြားနေသော
ရုပ်ရှင်မင်းသမီးပေမို့ သာမန်အားဖြင့် အများ ပြည်သူသိသလို သူ့ခင်ပွန်းမှာ နိုင်ငံခြားပြန်
နှလုံး ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ ကျော်နောင်ဆိုသူ ဖြစ်ကြောင်းကို စိမ့်သိပါ၏ ။

ဒေါက်တာကျော်နောက်၏ ထူးချွန်မှု ကုသမှု သည် မည် မျှပင်
ကျော်ကြားနေစေကာမူ စိမ့်သည် သူ့ကို အထင်မကြီးမိပေ၊ ရင်သွေးငယ်အပေါ်တွင်
မေတ္တာစိတ်ထားရမှန်း မသိသော ဒေါက်တာ ကျော်နောင်ကို စိမ့်သည် လူချင်းမသိပဲနဲ့
မုန်းမိနေပေသည်။

•••

# အခန်း(၃)

## အခန်းသုံး

စိမ့်သည် ထူထပ်စွာ ကျဆင်းသော နှင်းတောထဲမှ ထွက်လျှောက်ကာ အိမ်ဆီသို့ ပြန်ကူးလာ၏ ။ လှေကားဆင့်ပေါ်သို့ တက်လိုက်သည်နှင့် အလုပ်ခွင်မှပြန်လာသော ဖခင်ကြီးကို မိခင်နှင့် အတူထိုင်နေသည်ကိုတွေ့လိုက်ရသည်။

"ပါပါတောင် ပြန်ရောက်နေပြီပဲ"

"အိမ်း...ခုဘဲ ရောက်တာ...ကောင်မလေးကိုပြန်ပို့လိုက်ပီလား"

"ပြန်ပို့လိုက်ပြီ ပါပါ...သူ့ခမျာ သိပ်အိပ်ချင်နေရှာတာ- သူ့အမေနဲ့ စိမ့်စကားပြောနေတုံး သူ စိမ့်နံဘေးမှာ အိပ်ပျော်သွားတယ်"

စိမ့်သည် မိခင်နှင့် ဖခင်နံဘေးတွင် ဝင်ထိုင်လိုက်လေသည်။

"ပါပါ နှင့် မေမေကို တိုင်ပင်စရာ ရှိတယ်"

"ဟေး...ဘာများ လဲကွဲ့"

စိမ့်စကားသည် ဦးအိုက်ထွန်းအား အံ့သြသွားစေ၏ ။

"ပါပါက တိုင်ပင်စရာရှိတယ်ဆိုလို့ အံ့သြသွားတယ်နဲ့ တူတယ်၊ဒီလိုပါ ပါပါရဲ့ မမမြတ်က စိမ့်ကို မီမီကလေးနဲ့ အတူ သူ့အဖေရှိတဲ့ ရန်ကုန်ကို လိုက်သွားစေချင်တယ်တဲ့"

"ဟေး...သူ့သမီးနဲ့သူ သွားရမဲ့ကိစ္စကို ဘယ့်နှယ့်"

"ဒီလိုပါ ပါပါ...မမမြတ်စကားကို ထောက်ကြည့်ရတာ သူ့ယောက်ျားနဲ့ အဆင်ပြေပြေဟန် မတူပါဘူး၊ သူပြောတော့ မီမီကလေးရဲ့ အဘွားနဲ့ အဖေက မီမီကလေးကို သူတို့ဆီ တစ်နှစ် လောက်ပဲ ဖြစ် ဖြစ်ပို့ထားပေးဖို့ စာရေး တာ သုံးလေးခါ ရှိပြီတဲ့၊ ဟိုတုန်းကတော့ ကလေးကငယ်သေးတာနဲ့ မပို့ခဲ့ဘူး၊ အခုတော့ မီမီကလေးလဲ ကြီးလာပီ၊နောင်နှစ်

ဆို ကျောင်းလဲထားတော့မှာ ဆိုတော့ ကျောင်းမထားခင် စပ်ကြားမှာ ရန်ကုန်ကိုပို့ထားချင်တယ်တဲ့၊ စိမ့်က သူ့ကိုအစစအရာရာကြည့်ရှုပေးနေတဲ့အပြင် စာလဲသင်ပေးနေတဲ့ ဆရာမ ဖြစ်နေတော့ စိမ့်နဲ့ဆိုရင် သင့်တော်မယ်လို့ မမမြတ်က ထင်နေတယ်"

"သွားနေရမဲ့ အချိန်ကလဲ မနဲပါလား သမီးရယ်"

"ဟုတ်တယ် သမီးအလုပ်ဝင်ဖို့လဲ လျှောက်ရအုံးမယ် မဟုတ်လား"

"အဲဒါကို စိမ့် မမမြတ်ကို ပြောပြပါတယ် ပါပါ၊ သူကနောင်နှစ် မှ လျှောက်ပါတဲ့၊ အခုမီမီနဲ့လိုက်နေတဲ့ အတောအတွင်း းမှာ လဲ တရာ့နှစ် ဆယ် ပေးပါ့မယ်တဲ့ ပါပါ..."

"သမီးသဘောက ဘယ်လိုလဲ"

စိမ့်က ပါပါနဲ့ မေမေ့သဘောကို မေးမလို့ပါပဲ "

"အိမ်း ....ပါပါတို့ ကတော့ ဒီသမီးကလေးတယောက် ထဲရှိတာ ရပ်ဝေးမှာ အကြာကြီး သွားမနေစေချင်ပါဘူး၊ ဒါပေမယ့် သမီးပျော်မယ်ထင်ရင်တော့၊ ပါပါတို့က ဘယ်လိုမှမတားချင်ပါဘူး၊ သမီးဘာသာ သမီးဆုံးဖြတ်ပေါ့ ... ပါပါပြောချင်တာတတော့ ဘယ်နေရာမှာ ပဲသွားသွား လိမ်လိမ်မာမာနဲ့ ဏ္ဍေ ရှိရှိ သိက္ခာရှိရှိနေဖို့ အရေး ကြီးတာပဲ ...၊

"နန်းပုတို့ သမီးကလေးက လိမ္မာပြီးသားပါ ကိုအိုက်ထွန်းရယ် "

မိခင်က စိမ့်၏ ဦးခေါင်းကလေးကို အသာပွတ်သပ်ရင်း ပြောလိုက်သည်။

"ဒါဖြင့် ပါပါနဲ့ မေမေ စိမ့် ရန်ကုန်သွားမှာ ကို သဘောတူတယ်ပေါ့နော် ..."

" ငါ့သမီးသဘောပါလို့ ပြောနေပြီပဲကွယ်၊ ဒါပေမယ့် သွားနေရမယ့် အိမ်က ဘယ်လိုသဘောထားရှိတဲ့ လူမျိုး တွေ လဲဆိုတာ မေမေတို့ မသိကြဘူး ..."

"အော် နန်းပုရယ် ... ငါတို့ သမီးကလေးက ဒါလောက်လဲ လူကဲခတ် မညံ့ပါဘူး၊ ဟိုရောက်တော့ ကိုယ်နဲ့ သဘောချင်းမညီတဲ့ လူတွေ ဆိုရင် ၊ သူပြန်လာလိမ့်မှာ ပေါ့ ... နောက်ပြီးတော့ ဒီကလေးမလေးရဲ့ အဖေက ပါရဂူဘွဲ့ရဆရာဝန်ကြီးပဲ ... သိက္ခာ၊ သမာဓိရှိတဲ့

လူတွေ ဖြစ်ရမယ်လို့ ငါတော့ ယုံကြည်တာပဲ ”

ဦးအိုက်ထွန်းက ရိုးသားစွာ းကောက်ချက်ချနေ၏ ။

“ဘယ်တော့လောက်သွားကြမှာ လဲသမီး ”

“စိမ့်ဆီက စကားပြန်ကို မမမြတ် စောင့်နေတယ်၊ စိမ့်က သဘောတူတာနဲ့ သူလေယာဉ်ပုံလက်မှတ်သွားဝယ်မယ်လို့ ပြောနေတယ် ”

“ဒါဖြင့် ရင် ... ဒီ တရက်နှစ် ရက်အတွင်း း သွားရလိမ့်မယ်နဲ့ပ တူတယ် ”

“ဟုတ်လိမ့်မယ် မေမေ”

နောက်တနေ့နံနက်တွင် စိမ့်သည် သူ့ အား မျှော်လင့်ချက် ကြီးစွာ းဖြင့် စောင့်မျှော်နေသော လှမြတ်သူဇာထံသို့ ရောက်လာခဲ့၏ ။

စိမ့်က ရန်ကုန်မြို့ သွားရမည့် ကိစ္စကို သဘောတူ လက်ခံလိုက်ပြီ ဖြစ်ကြောင်း ပြောလိုက်လျှင်၊ လှမြတ်သူဇာသည် ပြုံးရွှင်သွားကာ စိမ့်၏ ကိုယ်ကလေးကို ဖက်၍ ဝမ်းသာကြောင်းပြောဆို၏ ။

“ဒါဖြင့် ရင် စိမ့်တို့သဘက်ခါ သွားလို့ မမမြတ် လက်မှတ်ဝယ်လိုက်မယ်”

“ဟုတ်ကဲ့ ... မမမြတ်သွားစေချင်တဲ့နေ့သာ ဝယ်လိုက်ပါ၊ စိမ့် ကတော့ အဆင်သင့်ပါပဲ”

“ကျေးဇူးပါ ပဲစိမ့်ရယ် ၊ မမမြတ်၊ စိမ့်နဲ့ မီမီ ရောက်လာမယ့် အကြောင်း သံကြိုး ရိုက်ရအုန်းမယ်”

“စိမ့်စိမ့် -မီမီနဲ့ ရန်ကုန်ကို တကယ်လိုက်မယ်နော် ”

စိမ့်လက်ကောက်ဝတ်ကိုကိုင်ကာ မီမီကလေးက မယုံနိုင်သလို မေးနေ၏ ။

“လိုက်မှာ ပေါ့ကွယ် ... ဘာလဲ စိမ့်စိမ့်ကို မလိုက်စေချင်ဘူးထား ....”

စိမ့် ကလေးငယ်ကို အကဲစမ်းလိုက်၏ ။

"အို .... ဟုတ်ပါဘူး .... ဟုတ်ပါဘူး ....မီမီက စိမ့်စိမ့်နဲ့ သိပ်သွားချင်တာ၊ စိမ့်စိမ့်မလိုက်ယင် မီမီလဲ ရန်ကုန်မသွားတော့ဘူး ....."

"ဘာ ဖြစ်လို့ ...."

သည့်မေးခွန်းကို လှမြတ်သူဇာက မေး၏ ။

"မီမီ၊ စိမ့်စိမ့်နဲ့ မခွဲနိုင်လို့ပါ မေမေ"

မျက်နှာငယ်ကလေးဖြင့် မီမီက ပြန်ဖြေရာသည်။ သူကလေး၏ အသံမှာ လည်း တုန်ရီလျက် ....

လှမြတ်သူဇာက စိမ့်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

စိမ့်သည် မီမီကလေး၏ နံဘေးတွင် ဒူးထောက်လိုက်ကာ သူ၏ ကိုယ်လုံးကလေးကို ဖက်ထားလိုက်သည်။

"စိမ့်စိမ့်လဲ မီမီကို မခွဲနိုင်ပါဘူးကွယ် .... မီမီ ဘယ်သွားသွား စိမ့်စိမ့်လိုက်မှာ ပါပဲ "

မီမီကလေး၏ မျက်နှာသည် စိမ့်၏ အဖြေကြောင့် မြူမှု "ကင်းစင်သည့် လပြည့်ဝန်းကဲ့သို့ ဝင်းပတင့်တယ်သွား၏ ။

စိမ့်၏ လည်ပင်းကို သိုင်းဖက်ကာ စိမ့်၏ ပါးပြင်မို့မို့ကိုလည်း ဘယ်ပြန်ညာပြန် မွှေးကြူနေ၏ ။

" စိမ့်စိမ့်နဲ့ သွားရမှာ ကတော့ ဟုတ်ပါပြီ၊ ရန်ကုန်ရောက်ရင်သာ ကောင်းကောင်းနေ၊ ဒုက္ခပေးတယ်ဆိုတာသာ ကြားရင်တော့၊ ရိုက်ရလိမ့်မယ် "

"မီမီ လိမ္မာပါ့မယ်မေမေ"

စိမ့်သည် မီမီ၏ မျက်နှာကလေးကို ချစ်စနိုး လှမ်းကြည့်လိုက်သည်။

"ကဲ စိမ့်ရေ ... မမမြတ်သွားလိုက်အုန်းမယ်၊ ကားရိုက်ကအပြန် တခါထဲ

လက်မှတ်ပါဝယ်လာခဲ့မယ် … ”

“ဟုတ်ကဲ့ မမမြတ် ”

•••

# အခန်း(၄)

## အခန်းလေး

စိမ့်နှင့် မီမီ ရန်ကုန်သို့ သွားရမယ့်နေ့ ...........................

ဟဲဟိုးလေဆိပ်တွင် စိမ့်တို့မိသားစုနှင့် လှမြတ်သူဇာတို့ သားအမိသည် နေ့လည် ဆယ့်နှစ် နာရီကထဲက ရောက်ရှိနေကြ၏ ။

ကျိုင်းတုံမြို့ မှ ပျံသန်းလာမည့် လေယာဉ်ကို စောင့်စားကြရင်း စကားစမြည် ပြောဆို၍ နေ ကြသည်။

“ စိမ့်စိမ့် လေယာဉ်ပျံ စီးဖူးသလားဟင် ”

“ဟင့်အင်း ...... တခါမှ မစီးဖူးပါဘူး......မီမီကောဟင် ”

“နှစ် ခါစီးဖူးတယ် ”

“ အမယ် .... ငါ့မြေးက တယ်ဟုတ်ပါလား ”

“ လေယာဉ်ပျံပေါ်မှာ ပါတဲ့ မမက သကြားလုံးလဲ ကျွေးတယ်၊ ကော်ဖီနဲ့ ဘီစကွတ်လဲ ကျွေးတယ်မေမေကြီးရဲ့ ”

“ ဟုတ်လား ငါ့မြေးရဲ့ ”

“ ဟုတ်တယ် ဖွားဖွားရဲ့ မီမီတို့နဲ့လိုက်ပြီး လေယာဉ်ပျံစီးကြည့်ပါလား”

“ခုတော့ မလိုက်သေးဘူး၊ နောက်မှ မေမေကြီးရယ် ဖေဖေကြီးရယ် ငါ့မြေးဆီကို လိုက်ခဲ့မယ် ”

“ ဟော ..... ဟိုမှာ မီမီတို့ လေယာဉ်ပျံကြီး လာနေပြီ ...... ”

အချိန် သုံးနာရီခန့်တွင် ဟဲဟိုး လေယာဉ်ကွင်းသို့ ဖော်ကာ လေယာဉ်ကြီးတစ်စင်းသည် တဖြေးဖြေး နိမ့်ဆင်းဆိုက်ကပ် လာ၏ ။

ဟဲဟိုးတွင် ဆင်းမည့် ခရီးသည်များ ကုန်လျှင် ရန်ကုန် နှင့် မန္တလေးမြို့ များ သို့ လိုက်ပါမည့် ခရီးသည်များ ကို လေယာဉ်ပေါ်သို့ တက်ရန် ကြေငြာ၏ ။

ဒေါ်နန်းပုသည် မီမီကလေးကို ငုံ့နမ်း၏ ။ ပြီးတော့သမီး ဖြစ်သူ၏ နဖူးပြင်ကလေးကိုလည်း ဖွဖွနမ်း၍ နှုတ်ဆက်နေသည်။

“ သမီး စာရေး နော် ..... ဘုရားရှိခိုးကျောင်းလဲ မှန်မှန်တက် ဖြစ်အောင် ကြိုး စား ”

“ဟုတ်ကဲ့ မေမေ ”

“သမီး ဒုက္ခပေးရင် ချက်ချင်း သာ မမမြတ်ဆီကို သံကြိုး ရိုက်လိုက်နော် ... ”

“စိတ်ချပါမမမြတ်၊ မီမီအတွက်တော့ မပူပါနဲ့ ....”

“မေမေ၊ ပါပါသွားမယ်နော် ”

“အေး .....အေး ....”

“မေမေကြီး .... ကြီးမေ .... မီမီတို့ သွားတော့မယ် ”

“ မီမီကလေးကလည်း ခန်ပေါက် မြူး တူး၍ နှုတ်ဆက်နေ၏ ။

ဟဲဟိုး လေဆိပ်တွင် ခရီးသည် အဆင်းအတက်နဲ၍ လေယာဉ်သည် ဆယ်မိနစ်အတွင်း းမှာ ပင် မန္တလေးမြို့ သို့ စတင် ထွက်ခွာရန် အသင့် ဖြစ်နေ၏ ။

စိမ့်သည် ပြတင်းပေါက်ဖက်တွင် နေရာယူလိုက်သည်။ တသက်နှင့် တကိုယ်တွင် သည်တကြိမ်သာလျှင် ပထမ လေယာဉ်စီးရမည် ဖြစ်သော ကြောင့် အတွေ့ အကြုံမရှိသူပီပီ အသည်းတုန်အူတုန် ဖြစ်ကာ ခြေဖျား လက်ဖျားများ ပင် အေးစက်နေတော့သည်။

“ကျေးဇူးပြု၍ နားဆင်ပါရှင် .... လေယာဉ်စီး ခရီးသည်အပေါင်းတို့ရှင် အချိန်အနည်းငယ်အတွင်း း ကျွန်မတို့ လေယာဉ်သည် မန္တလေးမြို့ သို့ စတင်ထွက်ခွာတော့မည် ဖြစ်ပါ၍ မိမိတို့ထိုင်ခုံ ခါးပတ်များ ကို ပတ်ထားကြရန်နှင့် ဆေးလိပ်

မသောက်ကြပါရန် မေတ္တာရပ်ခံအပ်ပါတယ် ....၊ ကျေးဇူးတင်ပါတယ်ရှင် .... ”

သာယာကြည်လင်သော အသံဖြင့် ယဉ်ကျေးသိမ်မွေ့စွာ လေယာဉ်မယ်ကလေးက ကြေငြာပြီး ဆုံးသွားလျှင် စက်နှိုးသံကို ခရီးသည်များ ကြားကြရ၏ ။

ငြိမ့်ငြောင်းသာယာသော ခေတ်ပေါ် တေးဂီတသံများ ကလည်းခရီးသည်အပေါင်းကို စတင်ဖြေဖျော်နေလေသည်။

ပြုံးရွှင်ကြည်လင်သော မျက်နှာကလေးဖြင့် ချစ်စရာ့ လေယာဉ်မယ်ကလေးသည် သကြားလုံးများ ထည့်ထားသော လင်ပန်းကလေးတချပ်ကို ကိုင်ကာ လေယာဉ်ဦးပိုင်းမှ စတင်၍ ခရီးသည်များ ကို ဝေ၄ ကျွေးမွေးလာ၏ ။

“ ညီမလေးသကြားလုံး စားပါအုံး .....”

လေယာဉ်မယ်ကလေးက ပြုံး ချိုသော မျက်နှာဖြင့် မီမီကလေးကိုကြည့်ကာ ပြောလိုက်သည်။

မီမီကလေးသည် လင်ပန်းထဲမှ သကြားလုံးတလုံးကို နှိုက်ယူလိုက်သည်။

“ကျေးဇူးတင်ပါတယ်မမလို့ ပြောအုံးလေ မီမီ ...... ”

“ကျေးဇူးတင်ပါတယ် မမ ..... ”

“ လိမ်မာလိုက်တာကွယ် ..... သိပ်ချစ်ဖို့ ကောင်းတာပဲ ကလေးနာမည် ဘယ်လိုခေါ်လဲဟင် ....”

“ မီမီပါ ....”

“ မီမီယူအုံးလေ .... တလုံးထဲ တော် ပြီလား ....”

“ ဟုတ်ကဲ့ မီမီချောင်းဆိုးမှာ စိုးလို့ပါ ”

“ဟယ် .... စကားတတ်လိုက်တာ .....”

လေယာဉ်မယ်ကလေးသည် မီမီ၏ ပါးဖောင်းဖောင်း ကလေးကိုချစ်စနိုး ခပ်ဖွဖွ

လိမ်လိုက်ပြီးသူ၏ တာဝန်ကိုဆက်လက်ဆောင်ရွက်ရ၏ ။

“မမ လေယာဉ်မယ်ကလေးက လှတယ်နော်၊ စိမ့်စိမ့်ကော အဲဒီ မမလို လေယာဉ်မယ် မလုပ်ချင်ဘူးလားဟင်.....”

“ လေယာဉ်မယ်တော့လုပ်ချင်တာပေါ့ကွယ်၊ ဒါပေမယ့် စိမ့်စိမ့်က သူတို့လို သတ္တိမရှိဘူး”

“ မီမီ ကတော့လေ .... ဖေဖေလိုပဲ ဆရာဝန် လုပ်ချင်တယ်”

မီမီအခုထဲက စာကြိုး စားသင်ရင် ကြီးလာတော့ ဆရာဝန်မကြီး ဖြစ်လာမှာ ပေါ့.....”

မီမီကြိုး စားပါ့မယ် စိမ့်စိမ့်လဲ မီမီကိုစာတွေ အများ ကြီးသင်ပေးနော် ... ”

“သင်ပေးမှာ ပေါ့ ....”

မီမီတို့ စီးနင်းလိုက်ပါလာသော လေယာဉ်ကြီးသည် အမြင့်ပေ ရှစ်ထောင်ကျော် ပျံသန်းပြီး ပျံသန်းချိန် နှစ် ဆယ်ရှစ်နှစ် ခန့်ကြာလျှင် ချမ်းမြသာစည် လေဆိပ်သို့ ဆင်းသက်တော့မည် ဖြစ်ကြောင်း လေယာဉ်မယ်ကလေးက ကြေငြာ ပြန်လေသည်။

ချမ်းမြသာစည်လေဆိပ်တွင် ရန်ကုန်သို့ လိုက်ပါမည့် ခရီးသည်များ ၏ ရပ်နားချိန် နှစ် ဆယ့်ငါးမိနစ်ခန့်ကြာသွား၏ ။

ရန်ကုန်မန္တလေး ခရီးစဉ်တွင် လေယာဉ်ကြီးသည် အမြင့်ပေသော ငါးလေးထောင်အထိ ပျံသန်း၍ နေ၏ ။

ရှမ်းပြည်နယ်နိမိတ်ကျော်လွန်ခဲ့ပြီ ဖြစ်၍ ပြင်းထန်သော အအေးဓာတ်များ သည် သိသိသာသာကြီး ရော့နည်း၍ သွား၏ ။

စိမ့်သည် ပြတင်းပေါက်မှ တွန့်လိမ်ကွေ့ကောက်နေသော မြစ်ရော၊ စိမ်းမှောင်ညို့မှိုင်းနေသော တောတောင် စိမ့်မြိုင်များ တဖြေးဖြေး ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့သယောင် ထင်ရသည်။ လယ်ကွက်များ ကို စိတ်ပါဝင်စားစွာ ကြည့်ရှုနေမိ၏ ။ တနာရီခွဲခန့်သော အချိန်

မည် သို့ ကုန်ဆုံးသွားသည်ကိုမသိလိုက်မိပေ။

မင်္ဂလာဒုံ လေဆိပ်သို့ ဆင်းသက်တော့မည် ဖြစ်၏ ။

လေယာဥ်မယ်ကလေးသည် မီမီကလေး၏ ထိုင်ခုံ ခါးပတ်ကိုလာရောက် တပ်ဆင်ပေးနေ၏ ။

“ရန်ကုန်ကိုရောက်တော့မယ် ..... မီမီလေယာဥ်ပျံ ” စီးရထားပျော်သလား”

“ သိပ်ပျော်တာပဲ ...... မီမီတို့ ဟဲဟိုးကို ပြန်တဲ့အခါ လေယာဥ်ပျံနဲ့ပဲပြန်မယ်၊ မမအဲဒီ လေယာဥ်နဲ့ လိုက်ခဲ့နော် ”

“အင်း ..... အင်း .....မီမီပြန်တဲ့ အခါကျ မမကို ပြောနော် ....”

လေယာဥ်မယ်ကလေးသည် ကလေးအကြိုက် လိုက်လျော၍ ပြောနေ၏ ။

လေယာဥ်ပျံစက်သပ်လိုက်သည်နှင့် ခရီးသည်များ လှုပ်လှုပ်ရွရွ ဖြစ်လာ၏ ။

•••

# အခန်း(၅)

## အခန်းငါး

“ မီမီ စိမ့်စိမ့်တော့ မီမီ အဖေကိုလဲ မသိဘူး၊ အဖွားကိုလဲမသိဘူး မြင်လဲမမြင်ဖူးဘူး၊ မီမီ အဖေကိုတော့ မီမီ မှတ်မိပါတယ်နော် ”

“ မီမီ မှတ်မိပါတယ် စိမ့်စိမ့်ရဲ့ ”

စိမ့်သည် သူမသိသော မီမီ၏ အဖွားနှင့် အဖေကို လည်တဆန့်ဆန့်နှင့် မျှော်နေမိ၏ ။

“ကျေးဇူးပြု၍ နားဆင်ပါရှင်၊ မန္တလေး၊ ဟဲဟိုး၊ ကျိုင်းတုံ နှင့် တာချီလိတ်မြို့ များမှ ရောက်ရှိလာကြသော ခရီးသည်များ မြို့ တွင်းသို့ သွားရန် ယူဘီအေ မော်တော် ယာဉ်ပေါ်သို့ ကြွပါရှင် ”

ကြည်လင်ပြတ်သားသော ကြေငြာသံ၏ အဆုံးတွင် ခရီးသည်များ သည် ကိုယ့်ဆိုင်ရာဆိုင်ရာ ပစ္စည်းကလေးများ ကို ဆွဲယူကာ မော်တော် ယာဉ်ဆီသို့ ထွက်ခွာသွားကြ၏ ။ ထိုင်ခုံပေါ်တွင် စိမ့်နှင့် မီမီသာ ကျန်တော့သည်။

“ဘယ်လိုလူမျိုး တွေ ပါလိမ့် မမပြတ် သံကြိုး ရိုက်ထားရက်နဲ့ ခုအထိ လာမကြိုကြသေးဘူး”

စိမ့်ရင်ထဲတွင် ဒေါက်တာကျော်နောင်အား တာဝန်မဲ့ လွန်းသည်ဟု ယူဆကာ ကသိကအောင့် ဖြစ်နေ၏ ။

“ဖေဖေကလဲ ကြာလိုက်တာ”

မီမီကလေးကပါ ညည်းညူနေ၏ ။

“ဟော .....မီမီကလေးတို့ကို လာမကြိုသေးဘူးလား ”

လက်ပွေ့အိတ်ကလေးဆွဲကာ အိမ်ပြန်တော့ရန် ပျံသန်းရေး အခန်းမှ ထွက်လာသည့် လေယာဉ်မယ် ကလေးက မေးလိုက်သည်။

"ဖေဖေတို့ လာမကြိုသေးဘူး မမ "

" ရန်ကုန်ကိုရောက်လာမယ့်အကြောင်း စာရေး ထားသလား "

" ဟုတ်ကဲ့ ကျွန်မတို့ သံကြိုး ရိုက်ထားပါတယ်"

" အင်း .... သံကြိုး ရိုက်ထားရင်တော့ လာကြိုမှာ ပါပဲ ဘာအကြောင်း ကိစ္စများ ရှိနေလဲမှမသိတာ ...၊ အော် .... တယ်လီဖုန်း ရှိရင်လဲ ဆက်ပေးလို့ ရတာ ပဲ ...."

စိမ့်သည် သူ၏ လက်ပွေ့အိတ်ထဲမှ လှမြတ်သူဇာ ထည့်ပေးလိုက် သည့် ဒေါက်တာ ကျော်နောင်၏ နေရပ်လိပ်စာကပ်ပြားကလေးကို ထုတ်ယူကာ ......

" ကျွန်မတို့ ဖုန်းဆက်ကြည့်ရင် ကောင်းမယ် ထင်တယ်နော် "

" လာ....လာ .... ကျွန်မတို့ ရုံးခန်းက ဆက်ရင်ရပါတယ်...."

ထိုစဉ် အသက်သုံးဆယ်ခန့်ရှိ အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော အမျိုး သား တယောက် ပြည်တွင် းပို့ဆောင်ရေး ဌာနဘက်သို့ ကတိုက်ကရိုက် ဝင်လာ၏ ။

မီမီကလေးကို တွေ့လိုက်ရလျှင် သူ့မျက်နှာ ဝင်းထိန်သွား၏ ။

စိမ့်သည် ထိုအမျိုး သားကိုကြည့်လိုက်သည်။ အမျိုး သားက စိမ့်ကို သတိမပြုမိ၊ ထိုင်ခုံကလေးပေါ်တွင် မှန့်ထိုင်စားနေသော မီမီကလေး ဆီသို့ သာ တန်းလျှောက်သွား၏ ။

အကယ်စင်စစ် ထိုအမျိုး သားသည် မိမိ၏ ဖခင် မှန်လျှင် မီမီသည် ခုံပေါ်မှပြေးဆင်း၍ နှုတ်ဆက်မည် သာ ဖြစ်သည်။ ယခုတော့ ထိုအမျိုး သား သူ့ရှေ့သို့ ရောက်သည်အထိ ခပ်ကြောင်ကြောင်ပင် မီမီက ကြည့်နေသည်။

" မီမီ ... ဦးဦးသက်ဆွေကို မမှတ်မိဘူးလား"

မီမီသည် ထိုအမျိုး သားကို မော်ကြည့်ကာ ခေါင်းခါပြနေ၏ ။

စိမ့်သည် သူတို့နှစ် ယောက် အနီးသို့ ပြန်လျှောက်သွား၏ ။

"ဆရာမ ဒေါ်စောနန်းထွေး ထင်ပါရဲ့ ...."

"ဟုတ်ကဲ့ ... ကျွန်မ စောနန်းထွေးပါ ...."

" ကျွန်တော် က ဒေါက်တာ ကျော်နောင်ရဲ့ သူငယ်ချင်း သက်ဆွေပါ ...သူ လူနာ တစ်ယောက် အခြေအနေ ဆိုးနေတာနဲ့ ဒေါ်စောနန်းထွေးတို့ကို ကြိုဖို့ သူ့ကိုယ်စား လွှတ်လိုက်ပါတယ် ... ကျွန်တော် နောက်ကျသွားတာကို ခွင့်လွှတ်ပါ ခင်ဗျာ"

ရည်မွန် ဖော်ရွေစွာ ပြော၍ တောင်းပန်နေသော သူ့ကို စိမ့်က ....

" အို....တောင်းပန်စရာ မရှိပါဘူး ဦးသက်ဆွေရယ် ...."

" ပစ္စည်းတွေ ကဒါပဲလား ... ကျွန်တော် တို့ သွားကြရအောင်"

" အို ....နေပါစေ ဦးသက်ဆွေ ... စိမ့်သယ်ပါ့မယ် ...."

" မဟုတ်တာဗျာ ..... ကျွန်တော် သေတ္တာဆွဲမယ် ... ဆရာမ တို့က လက်ဆွဲအိတ်ကလေးတွေ သာ ဆွဲခဲ့ကြ ...."

စိမ့်သည် ဆက်လက်ငြင်းဆန်မနေတော့ဘဲ ... လက်ဆွဲအိတ်နှစ် လုံးကိုသာယူဆောင်၍ သက်ဆွေ၏ နောက်မှ လိုက်ပါလာ၏ ။

လေဆိပ်ဆင်ဝင်အောက်တွင် မာစီဒီကား အပြာကြီးတစင်းရပ်ထား၏ ။

သက်ဆွေသည် ကားနောက်ဖုံးကိုဖွင့်ကာ ... သေတ္တာနှင့် အခြားပစ္စည်းများ ကို ထည့်ပေးပြီးနောက် ... စိမ့်တက်ရန် ကားနောက်တံခါးကို ဖွင့်ပေးလိုက် သည်။

" ဒေါ်စောနန်းထွေး အရင်က ရန်ကုန်ရောက်ဖူးလား ..."

ကားနောက်ကြည့်မှန်ကလေးထဲမှ စိမ့်ကို လှမ်းကြည့်ရင်း သက်ဆွေက မေးနေ၏ ။

" စိမ့်တခါမှ မရောက်ဖူးပါဘူး ဦးသက်ဆွေ ..."

" အင်း.... ဒါဆိုရင် ... အေးအေးဆေးဆေးမှ မီမီနဲ့ ဒေါ်စောနန်းထွေးကို ရန်ကုန်မြို့ အနှံ့လိုက်ပြရအုန်းမယ် ...."

" ဦးဦး ...."

" ဗျား...."

" မီမီကို တိရစ္ဆာန်ရုံလဲ ပို့ပေးနော် ...."

" လိုက်ပို့ပေးရမှာ ပေါ့ ... တိရစ္ဆာန်ထဲမှာ မီမီလိုပဲ ဝဝ ဖြူဖြူ ဝက်ဝံကလေးတကောင်ရှိတယ် ..."

" ဟုတ်လား ...မီမီသိပ်ကြည့်ချင်တာပဲ ...."

" ကြည့်ရမယ်.....ကြည့်ရမယ်.... တနင်္ဂနွေနေ့ကြတော့ မီမီရယ်၊ ဆရာမ ရယ်၊ ဖွားဖွားကြီးရယ် အားလုံးသွားကြမယ် ...."

" ဖေဖေကော ...မပါဘူးလားဟင်"

မီမီလေးက ကောက်ကာ ငင်ကာ မေးလိုက်၏ ။

စိမ့်က သက်ဆွေ၏ မျက်နှာကိုဖျက်ကနဲ လှမ်းကြည့်လိုက်၏ ။

ပြုံးရွှင်နေသော သက်ဆွေ၏ မျက်နှာသည် တည်သွား၏ ။

" ဖေဖေလား ....ဖေဖေလဲလိုက်မှာ ပေါ့၊ ဦးဦးတို့ အားလုံးသွားကြမှာ ...."

မီမီ၏ မျက်နှာကလေးသည် ယခု ချက်ချင်း ပင် ထသွားရတော့မည့် အလား ... ဝင်းထိန်မြူး တူးသွား၏ ။

စိမ့်မှာ လည်း အသက်ရှူချောင်သွားတော့သည်။

" ဒေါက်တာ ကျော်နောင်ရဲ့ အိမ်က အဝေးကြီးပဲလား ဦးသက်ဆွေ၊ မြို့ ထဲမှာ

လား....”

“ အင်းယားလမ်းမှာ ပါ၊ မင်္ဂလာဒုံကဆိုရင် ဆယ့်ငါးမိနစ်လောက်ပဲ မောင်းရပါတယ်”

“အဲဒီ အနီးအနားမှာ ဘုရားရှိခိုးကျောင်းများ ရှိသလား ဦးသက်ဆွေ ....”

“စိန့်အော်ဂတ်စတင် ဘုရားရှိခိုးကျောင်းတော့ ရှိတယ် သိပ်မဝေးပါဘူး ....ဘာဖြစ်လို့လဲဟင် ....”

“ အော် ...တနင်္ဂနွေဆိုရင် .... စိမ့်ဘုရားရှိခိုးကျောင်း သွားလေ့ရှိတယ်။ အိမ်နဲ့ သိပ်ဝေးနေရင် မသွားနိုင်မှာ စိုးလို့ပါ”

“ အော် ... စောနန်းထွေးက ခရစ်ယာန်ကို ကျွန်တော် ကဗုဒ္ဓဘာသာလို့ ထင်နေတာ ....မိဘနှစ် ပါးစလုံး ဘာသာတူတွေ ထဲကပဲလား ”

“ ဟုတ်ပါတယ် ဦးသက်ဆွေ ... ဖေဖေက ပိုပြီးတော့ဘာသာရေး အယူသီးသေးတယ်”

စကားတပြောပြောနှင့် သက်ဆွေမောင်းနှင် နေသော ကားသည် အင်းယားကန် အနီးသို့ ရောက်ရှိလာ၏ ။

အဲဒါ ကတော့ အင်းယားကန်ပဲ ... ကိုကြီးကျော်တို့ အိမ်နဲ့ ဆိုရင် နီးနီးကလေးပဲ တခါတလေ ဒေါ်စောနန်းထွေးတို့ အညောင်းအညာပြေ လမ်းလျှောက်နိုင်တာပေါ့ ...”

“ ဦးသက်ဆွေကော ဘယ်မှာ နေလဲ ”

“ ကျွန်တော် က ဝင်ဒါမီယာမှာ နေပါတယ် ....”

“ အော် ... အော်.....”

“ ကဲ ....ဒေါက်တာကျော်နောင်ရဲ့ ခြံကဟောဒီခြံပါပဲခင်ဗျ ....”

သက်ဆွေသည် ခြံဝင်းကြီးတခုအတွင်း းသို့ ကားကို ချိုး ဝင်ရင်းပြောလိုက်သည်။

ကျောက်ခင်းလမ်းကလေးအတိုင်း အတော် အထဲကိုဝင်မှ ဆေးဖြူ သုတ်ထားသည့် နှစ် ထပ်တိုက်ကြီးကို စိမ့်သည် တွေ့ ရ၏ ။

ကြီးမား ကျယ်ဝန်းသော ခြံကြီးထဲတွင် အခက်အလက်အုပ်အုပ်ဆိုင်းဆိုင်းနှင့် သီးစားပင်ကြီးများ ရှိသလို အရောင် အသွေး အစုံစုံ၊ ပန်းမာလာ အဖူးအငုံကလေးများ ကလည်း ပွင့်လန်း၍ နေကြသည်ကိုလည်း စိမ့်သည် တွေ့ ရှိရပေ၏ ။

သက်ဆွေသည် စိမ့်အတွက် ကားတံခါးကို ဖွင့်ပေးပြီးတိုက်နံရံရှိ လူခေါ်ခေါင်းလောင်းဘုကလေးကိုနှိပ်လိုက်သည်။ မရှေးမနှောင်းမှာ ပင် တံခါးပွင့်ကာ အသက်ငါးဆယ်ခန့် မိန်းမကြီးတယောက် ကို စိမ့်တွေ့ ရ၏ ။ သူက သံဆွဲတံခါး တထပ်ကို ဖွင့်ပေးပြန်သည်။

“ ဟယ် .....ကျော့ကျော့သမီးကလေးက ချစ်စရာကောင်းလိုက်တာ ...”

မိန်းမကြီးသည် တံခါးကို ဖွင့်ပေးပြီး မီမီကလေးကို ပွေ့ချီနမ်းရှုံ့ နေ၏ ။

“ ဒေါ်လှ ... ကြီးကြီးတော့ အိမ်မှာ ရှိတယ် မဟုတ်လား ”

“ ရှိပါတော် ... သူ့မြေးလာမယ်ဆိုလို့ တမျှော်မျှော်နဲ့ ရှိလေရဲ့ ...”

“ ဒါ မီမီ့ ဆရာမ ဒေါ်စောနန်းထွေး ဆိုတာပဲ ....”

“ ကဲ ... ကျွန်တော့် ကို ခွင့်ပြုပါအုန်း.... ညဖက်မှပဲ အချိန်ရရင် တခေါက်လာခဲ့ပါအုံးမယ်....”

“ ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်... ဦးသက်ဆွေ...”

“ လာ....မိန်းကလေး ....မင်းကြီးကြီး မင်းတို့ကို မျှော် နေရှာတယ်....”

အသက်ခြောက်ဆယ်ကျော် အသားဖြူဖြူပိန်ပိန်ပါးပါးနဲ့ ရုပ်ရည်သန့်ပြန့်သော အဖွားကြီးတဦးသည် စိမ့်တို့ဧည့်ခန်းထဲသို့ အရောက်တွင် အခန်းတခုတွင် းမှ ထွက်လာ၏ ။

“ ဟော .... ငါ့ မြေးတို့ ရောက်လာကြပြီ ....ဖွားဖွားဆီကိုလာပါအုံး မြေးကလေးရဲ့

...”

မီမီကလေးသည် စိမ့်လက်ကိုဆွဲကာ တခါမျှမမြင်ဘူးသော အဖွား ဖြစ်သူကို ခပ်ကြောင်ကြောင် ကလေးကြည့်နေ၏ ။

“ လာပါ သမီးကလေးရဲ့ ဖွားဖွားလေ”

သွားလေ မီမီ ....မီမီရဲ့ ဖွားဖွားဆီကို သွားလိုက်ပါ”

စိမ့်၏ စကားကို တသွေမသိမ်း နားထောင် တတ်သူကလေးပီပီ မီမီကလေးသည် ဖွားဖွား ဖြစ်သူ ထံပါးသို့ လျှောက်သွား၏ ။

“ ငါ့မြေးက ကျော်ကျော်ငယ်ငယ်ကနဲ့ တပုံထဲပဲ၊ အသားဖြူတာပဲကွာတယ်...”

“ ကျော်ကျော်ဆိုတာ ဘယ်သူလဲ ဖွားဖွား ...”

“သမီးလေးရဲ့ ဖေဖေလေ....”

“ဖွားဖွားက ဖေဖေ့ကို ကျော်ကျော်လို့ ခေါ်သလား ”

“ ဟုတ်တယ် မြေးရဲ့ ...”

“ အဖွားကြီးသည် မီမီကလေးကို ရင်ခွင်တွင် ပွေ့ဖက်ထားတာ ပါးမို့မို့ကလေး နှစ်ဖက်ကို အထပ်ထပ် မွှေးကြူနေ၏ ။

စိမ့်သည် မြေးအဖွားနှစ် ယောက် အလွမ်း သယ်နေသည်ကို ကုလားထိုင် တလုံးပေါ်တွင် ထိုင်၍ စောင့်ကြည့်နေ၏ ။

ခမ်းနားသော အဆောင်အယောင် ပရိဘောဂနှင့် ပြင်ဆင်မွမ်းမံထားသော ညီခြံ၊ ညီစံအိမ်ကြီးမျိုး ကို ပိုင်ဆိုင် သူသည် မည် မျှချမ်းသာသည်ကို စိမ့်မခန့်မှန်းတတ်။ စိမ့်အနေဖြင့် ယခုကဲ့သို့ ကြီးကျယ်ခမ်းနားသော အိမ်ကြီးများ ကို ရောက်ဖူး လိမ့်မည် ဟု အိမ်မက်ပင် မမက်ဖူးခဲ့။ သူနေခဲ့သော ပျဉ်ထောင်အိမ်ခနော်ခနဲ့ ကလေးနဲ့ ညီစံအိမ်ကြီးမှာ နှိုင်းယှဉ်မပြတတ်လောက်အောင် ကွာခြားလှသည်တကား......။

“ မမမြိုင် မြေးကိုချည့် အလွမ်းသယ်မနေနဲ့ မိန်းကလေးကို လည်း စကားပြောပါအုံး ....”

“ဟုတ်ပ့ါ ....မလှရယ် ....တသက်နဲ့ တကိုယ်မြေးအရင်းအချာဆိုလို့ ခုမှ တွေ့ရတော့လဲ ကျုပ် ဘာကိုမှ သတိမရမိတော့ဘူး စိတ်မရှိပါနဲ့ ဆရာမ ကလေးရယ် ....”

“ အို .... စိမ့်ဘယ်လိုမှ မအောက်မေ့ပါဘူး ကြီးကြီး....”

“ စိမ့်စိမ့်က သိပ်သဘောကောင်းတာ ဖွားဖွားရဲ့ မိမိ ကိုလဲ သိပ်ချစ်တာပဲ .... ”

“ အင်း....အင်း .... ငါ့မြေးကို ချစ်တဲ့ လူလဲ ရှိအုံးမှ မြေးကလေးက ကံဆိုးရှာတယ်.....”

“ မမမြိုင် ...”

“ အဖွားကြီးက ဒေါ်လှ၏ မျက်နှာကို ဖျက်ကနဲ လှမ်းကြည့်လိုက်၏ ။”

မိမိကလေးက အကင်းပါးလှ၏ ။ မျက်နှာကလေး ရုတ်ချည်းညှိုးမှိုင်သွားသည်။

ဤသည်ကို ဒေါ်လှ သတိပြုမိသည်။

“ အော် .... အင်း....အင်း ကျုပ်ကလဲ သတိမေ့ တတ်ရန်ကော မလှရယ် ...”

ဒေါ်လှသတိပေးလိုက် သည်ကို သဘောပေါက်သွားဟန်ဖြင့် အဖွားကြီးသည် စကားလွှဲလိုက်သည်။

“ ဆရာမ လေးတို့အတွက် .... အပေါ်ထပ်မှာ အခန်းသီးသန့်ပြင်ထားတယ် အောက်ထပ်မှာ တော့ ကျော်ကျော်စာကြည့်ခန်းနဲ့ အိပ်ခန်းပဲ ရှိတယ်။ ကဲ .... ကဲ...မလှ၊ ခမျာများ ခရီးပန်းလာရှာမယ်..... ရေမိုးချိုး ချင်ချိုး ပြီး အနားယူဖို့ အပေါ်ထပ်ခေါ်သွားပေးလိုက် ပါ ....”

ခေါင်းထဲတွင် ဦးစီစီကြီး ဖြစ်နေသော စိမ့်အဖို့ အကြိုက်တွေ့သွား၏ ။

ဒေါ်လေးမြိုင်ကိုယ်တိုင်လည်း မြေးငယ်ကို လက်တဖက်ဆွဲကာ အပေါ်ထပ်သို့ တက်လိုက်လာ၏ ။

သန့်ပြန့်သော အခင်း ခေါင်းအုံး၊ ဇာခြင်ထောင်နှင့် တယောက် အိပ်ကုတင်၊ မှန်တင်ခုံပါ အပြည့်အစုံပါသော အခန်းကလေးကို စိမ့်သည် နှစ်သက် နေမိ၏ ။

ကဲ ….. ငါ့မြေးကကော ညကျရင် ဘယ်သူနဲ့ အိပ်မလဲ ”

“ဖေဖေနဲ့ …”

အဖွားကြီးမျက်နှာသည် ရုတ်ချည်းညှိုး ငယ်ကာ ငိုင်ကျသွား၏ ။ မီမီထံမှ ထိုအဖြေမျိုး ကြားလိမ့်မည် ဟု ဒေါ်လေးမြိုင်သည် မျှော်လင့်ထားဟန်မတူပေ။

“မီမီ့ အဖေက အလုပ်များ တယ်မဟုတ်လား …. ညဆိုရင် သိပ်မိုးချုပ်မှပြန်လာတာ …. မီမီ့ကို ဘယ်သူပုံပြောပြီး သိပ်မှာ လဲ …. စိမ့်စိမ့်နဲ့ ဖြစ် ဖြစ် …. ဟောဒီက ဖွားဖွားကြီးနဲ့ ဖြစ် ဖြစ် အိပ်နော် မီမီက သိပ်လိမ်မာတာ”

“ ဒါဖြင့် မီမီစိမ့်စိမ့်နဲ့ ပဲ အိပ်တော့မယ် …. ဟော ဟော ….ဟိုမှာ ကြောင်ကလေးတကောင်ပါလား…..”

မီမီကလေးသည် အခန်းရှေ့မှ ဖြတ်ပြေးသွားသော ကြောင်ကလေးတကောင်၏ နောက်သို့ ပြေးလိုက်သွား၏ ။

“ လှေကားနား မသွားနဲ့နော် … လိမ့်ကျသွားမယ် ….”

“ ဟုတ်ကဲ့ …..”

မီမီအခန်းပြင်သို့ ရောက်သွားမှ အဖွားကြီးသည် ဟင်းကနဲ သက်ပြင်းချကာ စိမ့်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

“ကျေးဇူးတင်လိုက်တာ ဆရာမ လေးရယ် ကြီးကြီးမှာ ဖြင့် ကလေးကို ဘယ်လိုပြန်ဖြေရမှန်း မသိဘူး၊ သူကလေးစိတ်ဆင်းရဲမှာ ကို ကြီးကြီးမကြည့်ရက်ပါဘူးကွယ် …၊ ခက်တာက ကျော်ကျော့်ကို ကြီးကြီးဘယ်လိုမှ ဖျောင့်ဖြလို့ မရဘူး၊ ခုတောင် ကြီးကြီးက မနားမနေ ပူစာလွန်းလို့ ကြီးကြီးဆန္ဒအရ ဒီကလေးကို ဒီအိမ်ကို ရောက်လာခဲ့ရတာ ပါ … ကျော်ကျော်တို့ အတွင် းရေး ကို ဆရာမ လေး သိသင့်သလောက်တော့သိနေမှာ ပဲနော် ….”

အဖွားကြီးသည် စိမ့်၏ မျက်နှာကလေးကို စေ့စေ့ စပ်စပ်ကြည့်၍ မေးခွန်းထုတ်လိုက်၏ ။

“ စိမ့်ကြီးကြီးသားရဲ့ အတွင် းရေး ကို ဘာတခုမှမသိပါဘူး”

အဖွားကြီးက တအံ့တသြ ဖြစ်သွား၏ ။

“ ဖြစ်နိုင်ပ့ါမလားကွယ်၊ ဆရာမ လေးက လုမြတ်သူဇာနဲ့ အိမ်နီးနားချင်းသာမက၊ လုံးဝစိတ်ချအပ်တဲ့လူ ဖြစ်နေတာ၊ သူ့အိမ်ထောင်ရေး အကြောင်းကိုတော့ သိနေလိမ့်မယ်လို့ ကြီးကြီးထင်မိတယ် ....”

“ ကြီးကြီးမယုံရင်လည်း စိမ့် မတတ်နိုင်ဘူး၊ သူတို့ အတွင် းရေး ကို စိမ့်မသိဘူး၊ သိလဲမသိချင်ဘူး၊ သိဖို့လဲမလိုဘူး ထင်ပါတယ်။ မီမီကလေးကို သံယောဇဉ်တွယ်မိတာနဲ့ မမြတ်နဲ့လဲ စိမ့်သိကျွမ်းခဲ့တာပါ၊ ဒါပေမယ့် စိမ့် စိတ်သဘောနဲ့ ဆန့်ကျင်တဲ့ အလေ့အကျင့်တွေ ကို တွေ ့ရလို့ စိမ့်နဲ့သူဟာ စကားပြောခဲ့ပါတယ်။ သူ့ခင်မင်မှု ထက် ကလေးရဲ့ ချစ်ခင်မှု ကိုသာ စိတ်လိုလားခဲ့တာပါ ....”

စိမ့်သည်၊ ဒေါ်လေးမြိုင်ကို ပြတ်ပြတ်သားပင် ရှင်းပြလိုက်၏ ။

“ မိဘရဲ့ ..... ချစ်ခင်ယုယမှု ကို ရေငတ်သလို တောင်းတနေတဲ့ ကလေးကို စိမ့်တို့ တမိသားလုံးကသနားတယ်၊ ချစ်လဲ သိပ်ချစ်တယ်၊ စိမ့်ဟာ ဆင်းရဲတဲ့ မိဘကမွေးဖွားတဲ့ တဦးတည်းသော သမီး ဖြစ်ပြီး မိဘရဲ့ ချစ်ခင်ယုယမှု ကို ဒီနေ့အထိ အပြည့်အဝ ခံစားနေရတယ်။ တသက်လုံးကလဲ တယောက် ထဲ ခွဲပြီးသွားခဲ့တဲ့ ခရီးဆိုတာ မရှိခဲ့ပါဖူး။ ခုမီမီကလေးကိစ္စမှာ တော့၊ စိမ့်မိဘများ ကိုယ်တိုင်ကိုက သူ့ကို သံယောဇဉ်တွယ်ပြီး ချစ်ခင်နေ( ကတော့ စိမ့် ဒီအလုပ်ကို လက်ခံကာ ဘယ်လိုမှ မတားမြစ်ခဲ့ကြဘူး ....”

အဖွားကြီးသည် ပြတ်သားသော စိမ့်၏ စကားများ ကြောင့် မျက်ရည်များ ပင် စို့တတ်လာ၏ ။

“ ကြီးကြီး အထင်မှာ းမိတယ် သမီး၊ သမီးကို ကြီးကြီးအထင်မှာ းမိတယ်၊

လှမြတ်သူဇာရဲ့ အဆက်အသွယ်နဲ့ လာတဲ့ မိန်းကလေးဟာ သူ့ အသိုင်းအဝိုင်းထဲက မိန်းကလေးမျိုး ပဲ ဖြစ်လိမ့်မယ်လို့ ထင်နေမိခဲ့တယ်။ ကြီးကြီးကို ခွင့်လွှတ်ပါ ..... မြေးကလေးအပေါ် မေတ္တာကြီးမားတဲ့သမီးကို ကြီးကြီး ဘယ်လို ကျေးဇူးဆပ်ရမှန်း မသိပါဘူးကွယ် ... ကြီးကြီးမှာ လဲ ဒီကလေးနဲ့ ပက်သက်ပြီး ဒီနေ့အထိ စိတ်ဆင်းရဲခဲ့ရတယ် သမီး .... ကြီးကြီး တရက်မှ စိတ်မချမ်းသာခဲ့ပါဘူး၊ တဖက်က သားကိုမလွန်ဆန်ဝံ့ဘူး၊ တဖက်က လင်မယားကွဲနေတဲ့ ကြားမှ ဒုက္ခ ဖြစ်နေရတဲ့ ကလေး ....၊ သားရော ဒီကလေးရော ကံဆိုးတယ် ..... သိပ်ကံဆိုးကြတယ် ....”

“ ကြီးကြီးသားနဲ့ မမမြတ်က သဘောချင်း မတိုက်ဆိုင်လို့ ကွဲနေကြတာလား - ”

“ဟုတ်တယ်သမီး ၊ လူသိရှင်ကြား လက်ထပ်ကြပေမယ့် လူသိရှင်ကြား ကွဲကြတာတော့ မဟုတ်ဘူး ၊ သဘောချင်း မတိုက်ဆိုင်တာတွေ ကလော့ စညားကထဲကပါပဲကွယ် .....”

“ အင်း ..... လင်ကွဲမယားကွဲ ဖြစ်ကြရင် သားသမီးတွေ ဟာ ကျွဲနှစ် ကောင်ကြားက မြေဇာပင်လိုပါတဲ့၊ သူတို့ခတ်သမျှ ဒီမြေဇာပင်ကလေးတွေ အထိနာကြရတယ်၊ စိမ့်တို့ ခရစ်ယာန် ဘာသာမှာ ဆိုရင် ဘာသာရေး အရ လင်မယားဘယ်တော့မှကွာရှင်းမပေးဘူး၊ ဘယ်လောက်ပဲ သဘောထားခြင်း မတိုက်ဆိုင်ပေမယ့် သားသမီးအတွက်တော့ ထည့်စဉ်းစားရမှာ ပေါ့ ကြီးကြီး ....”

အဖွားကြီးက လေးကန်စွာ း ခေါင်းကိုခါနေ၏ ။

“သမီးမသိပါဘူးကွယ် ၊ သမီးသူတို့အကြောင်းကို သတိမထားမိပါဘူး ၊ ဒီလှမြတ်သူဇာဆိုတဲ့ မိန်းကလေးရဲ့ မကောင်းသတင်းတွေ ဟာ ဟိုးလေးတကျော်ပါကွယ်၊ ဒီနေ့ ဒီရက် တိုင်အောင် သတင်းစာ တွေ မှာ ပါလာတတ်သေးတယ်၊ ကဲ .... ကဲ .....သူ့အကြောင်း ပြောနေလို့ ကတော့ တနေသာကုန်မယ်၊ ဆုံးမယ်မထင်ဘူး၊ ရေမိုးချိုး ပြီးရင်သာ ထမင်းစားဖို့ အောက်ဆင်းခဲ့ကြ ....”

“ ဟုတ်ကဲ့ ကြီးကြီး ....”

ဒေါ်လေးမြိုင်သည် စိမ့်ကို အခန်းထဲတွင် ထားခဲ့ကာ နေးကွေးသော ခြေလှမ်းများဖြင့် အောက်ထပ်သို့ ဆင်းသွား၏ ။

•••

# အခန်း(၆)

## အခန်းခြောက်

စိမ့် ရေမိုးချိုး ပြီး၍ ၊ အဝတ်အစားလဲနေစဉ်တွင် ခြံထဲသို့ ကားတစင်းဝင်လာသံ ကြားလိုက်ရ၏ ။ ပြတင်းပေါက်မှ လှမ်းကြည့်ရာ ကားပေါ်မှ လူတယောက် ဆင်းလာသည်ကို တွေ့ရ၏ ။ မည် သူမည် ဝါ ဖြစ်သည်ကိုတော့ စိမ့်မသိ။

မီမီကလေး ကတော့ လှေကားဆီသို့ လစ်ကနဲ ပြေးထွက်သွားသည်။

" ဟဲ့ မီမီလှေကားပေါ်က လိမ့်ကြသွားမယ်၊ စိမ့်စိမ့်ကိုစောင့်အုန်း၊ အောက်ထပ်ကိုလိုက်ပို့ပေးမယ်....."

" ဖေဖေပြန်လာပြီ စိမ့်စိမ့်ရဲ့ မြန်မြန်လာပါ ......"

စိမ့်၏ ရင်ထဲတွင် အလိုလိုသိမ့်ကနဲ တုန်သွား၏ ။

" အင်း .... ဒီဆရာဝန်နဲ့ ငါတော့ တည့်ကြမယ့်ပုံ မပေါ်ပါဘူး၊ ကြာရှည်ဘယ်လိုစခမ်းသွားရမယ် မသိဘူး .... "

စိမ့်မှာ စိတ်မောလူမောနှင့် စစ်မရောက်ခင်က မြှား ကုန်ချင်နေ၏ ။

"သားရေ ... ကျော်ကျော် ...... မြေးကလေးရောက်နေပြီ....."

" သိသားပဲ ..... ကျွန်တော် ပဲ ... သက်ဆွေကို ကားလွှတ်ပြီး အကြိုခိုင်းလိုက်ထာ ...."

ဒေါ်လေးမြိုင်၏ အမူအရာကား ဝမ်းမြောက်ဝမ်းသာ ရှိနေသလောက်၊ ဒေါက်တာကျော်နောင်၏ အမူအရာမှာ ပကတိအေးစက်တည်ငြိမ်နေ၏ ။

"ချစ်စရာ ကောင်းလိုက်တာ သားရယ်၊ မင်းငယ်ငယ်ကနဲ တပုံထဲပဲ ..."

"ကျွန်တော် နဲ့ မတူပါဘူးမေမေ ..... "

"တကယ်ပါ သားရယ်၊ မင်း သေသေချာချာပဲ ကြည့်ပါအုန်း ...."

ဒေါက်တာကျော်နောင်၏ မျက်နှာသည် သုန်မှုန်၍ လာ၏ ။

" တော် ပါမေမေ၊ သားဘာမှမကြားချင်ဘူး၊ မေမေ စိတ်ချမ်းသာအောင်လို့ သားသူ့ကို မရမက ခေါ်လာပေးပြီးပြီ၊ သား သူတို့သားအမိနဲ့ ဘာမှပက်သက်ချင်တာ မဟုတ်ဘူး....."

ဒေါ်လေးမြိုင်သည် သား ဖြစ်သူကို မည် သို့ မျှဆင်ခြေမတက်တော့ဘဲ ဦးခေါင်းငိုက်ဆိုက်ချ၍ ကြမ်းပြင်ကိုသာ စူးစိုက်ကြည့်နေ၏ ။

လှေကားရင်းသို့ ရောက်နေသော စိမ့်နှင့် မီမီကို ဒေါက်တာကျော်နောင်တို့ သားအမိ သတိမပြုမိကြသေးသော်လည်း၊ စိမ့် ကတော့ သူတို့သားအမိ၏ စကားကို အစအဆုံးကြားရပြီး ဖြစ်၏ ။ ထို့ကြောင့် လည်း သူ၏ ရင်မှာ ဒေါသလှိုင်းထ၍ နေပေသည်။ သူ့အား ကျောပေးထိုင်နေသော ဒေါက်တာ ကျော်နောင်ကို စိမ့်သည် မုန်းတည်းသော အကြည့်ဖြင့် လှမ်း၍ ကြည့်နေ၏ ။

မီမီကလေးသည် သူ့အား ဆွဲကိုင်ထားသော လက်ကို ဆတ်ကနဲ ဖြုတ်ကာ ဖခင်ရှိရာသို့ ပြေးသွား၏ ။

" ဖေ .... ဖေ...."

ဒေါက်တာကျော်နောင်၏ ကိုယ်ကြီးသည် ဆတ်ကနဲ တွန့်သွား၏ ။ သူ့မျက်နှာသည် ချာကနဲ မီမီဘက်သို့ လှည့်လာသည်။

"အနားမလာနဲ့ ...... အနားမလာနဲ့ ..... ငါလူနာတွေ ကြည့်ပြီး ခုဘဲပြန်လာတာ .... ရောဂါ ပိုးတွေ ပါလာရင် ကူးကုန်လိမ့်မယ်"

မီမီကလေးသည် ငိုမဲ့မဲ့ မျက်နှာကလေးဖြင့် အခန်းလယ်တွင် ရပ်ကာ စိမ့်၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

"စိမ့်စိမ့်ဆီကိုလာ.... မီမီ....ထမင်းသွားစားကြရအောင်"

စိမ့်အသံသည် ပျော့မယောင်ယောင်နှင့် မာကြောလှ၏ ။ နေးကွေးသော ခြေလှမ်းများ ဖြင့် မီမီသည် စိမ့်ထံပါးသို့ ပြန်လျှောက်လယ၏ ။

“သူက ဘယ်သူလဲမေမေ ... မီမို့ ဆရာမ ဆိုတာလား ”

ဒေါက်တာကျော်နောင်သည် စိမ့်၏ နောက်ကျောကို မှုံ တေတေကြည့်ကာ မိခင်ကို မေးခွန်းထုတ်နေ၏ ။

“ ဟုတ်တယ် သား ”

အဖွားကြီး၏ ပြန်ဖြေသံက တိုးလွန်းလှ၏ ။

“ တောက် ... ဒီမိန်းမ ကျွန်တော့်ကို သက်သက်စော်ကားတာ၊ ကျွန်တော် က မီမီနဲ့ ပါလာမှာ အဖွားကြီးလို့ ထင်နေတာမေမေ”

ဒေါက်တာကျော်နောင်၏ အသံမှာ ဒေါသကြောင့် တုန်နေ၏ ။

“မိန်းကလေးက ရည်ရည်မွန်မွန် ရိုးရိုးသားသားထဲကပါကွယ်၊ အမေ့သားကို ဘယ်လိုမှ အနှောင့်အယှက် ပေးမှာ မဟုတ်ပါဘူး”

အဖွားကြီးသည် သား၏ မျက်နှာကိုကြည့်ကာ မရွံ့မရဲအသံဖြင့် ဖြောင်းဖြနေ၏ ။

ဒေါက်တာကျော်နောင်သည် လက်ချောင်းများ ကို ဆံပင်ထဲသို့ သွင်းကာ သက်ပြင်းလှိုင်လှိုင် ချနေ၏ ။

“ ခက်တယ် ..... မေမေ့ကြောင့် ခက်ပါသေးတယ်၊ တွေ ့တာဖြင့် တနာရီမပြည့်သေးဘူး၊ လူတယောက် ကို ချက်ချင်း ယုံပစ်လိုက်တာပဲ သူ့ဘာသာသူ ရိုးရိုးဆိုးဆိုး ကျွန်တော် ဒီမိန်းကလေးအိမ်မှာ လာနေတာ မကြိုက်ဘူး မေမေ ဒါပဲ ....”

ဟဲ့ .... သား .... သား ....တိုးတိုး ပြောပါကွယ်၊ သူများ ကြားသွားရင် မကောင်းပါဘူးကွယ်၊ အနေခက်နေပါ့မယ်”

ဒေါ်လေးမြိုင်သည် မျက်လုံးပြူး မျက်ဆံပြူး နှင့် သား ဖြစ်သူ ထံပါးသို့

ကဗျာကရာ တိုးကပ်သွားကာ တောင်းပန်နေရှာ၏ ။

ဒေါက်တာကျော်နောင်သည် မိခင်၏ မျက်နှာကို တချက်မော့ကြည့်ကာ ငြိမ်သက်သွား၏ ။

“ကဲ သားရယ် .... အဝတ်အစား သွားလဲချေပါ.... ပြီးတော့ မေမေတို့ ထမင်းစားကြရအောင် သားကလဲ .... ဒေါသချည်ပဲ စိတ်ကိုလဲ နည်းနည်း ပါးပါး ထိန်းမှပေါ့ သားရယ်”

“ သားကိုတရားချမနေပါနဲ့ မေမေ ... မေမေသာသွား ထမင်းစားပါ၊ သားမစားတော့ဘူး .....”

“သားကလဲကွယ် ကလေးဆိုးကြီးလိုပဲ ... တနေကုန် အလုပ်လုပ်ပြီး အစားမစားလို့ ဖြစ်ပ့ါမလား .... တော် တော် ကြာ ညဆယ်နာရီ၊ ဆယ့်တစ်နာရီအထိ စမ်းသပ်ခန်းထဲ ဝင်အုံးမှာ ...”

“ သားအပြင်မှာ စားခဲ့ လို့ပါ မေမေ...”

သား၏ စိတ်ဓါတ်ကို သိသူပီပီ ဒေါ်လေးမြိုင်သည် လေးကန်သော ခြေလှမ်းများဖြင့် ထမင်းစားခန်းသို့ ထွက်ခွာသွား၏ ။

ထမင်းစား စားပွဲတွင် စိမ့်သည် မီမီကလေးကို ထမင်းကျွေးနေ၏ ။

“ဖွားဖွား ထမင်းမစားသေးဘူးလား”

“ငါ့မြေး စားပြီးရင် ဖွားဖွားနဲ့ ဆရာမ လေး စားကြမှာ ပေ့ါ ....”

“ ဖေဖေကောဟင် .... ထမင်းမစားဘူးလား ”

မီမီကလေးသည် ဖခင်အတွက် သိတတ်ရန်ကောဟု အဖွား ဖြစ်သူသည် စိတ်ထိခိုက်သွား၏ ။

“သမီး ဖေဖေက အပြင်မှာ စားခဲ့တယ်တဲ့ကွယ် ”

မီမီကလေးသည် မေးခွန်း ထပ်မထုတ်တော့ပဲ ထမင်းဆက်စားနေ၏ ။

“ စိမ့်စိမ့် .... မီမီဝပြီ...”

“ ရော့ ရေသောက်ပြီး ဖြူမနဲ့ သွားဆော့နေနော် ”

“ ဟုတ်ကဲ့....”

ထမင်းစားပြီးလျှင် မီမီသည် ကြောင်မကလေး ဖြူမနှင့် ဧည့်ခန်းထဲတွင် ဘောလုံးကလေးကို လိမ့်ကာ ကစားနေ၏ ။

ဒေါ်လေးမြိုင်သည် ထမင်းစားပွဲတွင် ဝင်ထိုင်ရင်း စိမ့်၏ မျက်နှာကလေးကို လှမ်းအကဲခတ်လိုက်၏ ။ စိမ့်၏ မျက်နှာမည် သို့ မှ ထူးခြားခြင်းမရှိသည်ကိုတွေ ့ရမှ အဖွားကြီးက စကားစ၏ ။

“သမီးကလေးကိုသားနဲ့ ပက်သက်လို့ ကြီးကြီးမြို င်တောင်းပန်ထားချင်တာရှိပါတယ်၊ ရှင်းရှင်းပြောရရင် သားဟာ လုမြတ်သူဇာနဲ့ ပက်သက်ပြီးတော့ မိန်းမဆိုရင် သိပ်မုန်းနေတယ်၊ တော် တော် ကိုလဲ စိတ်နာနေတယ်၊ မအေနဲ့ သူ့လူနာကလွဲလို့ ဘယ်မိန်းမနဲ့မှ မဆက်ဆံတော့ဘူး၊ အလုပ်ကိစ္စအပြင် သွားသွားလာလာလဲ ဘာတခုမှမလုပ်တော့ဘူး၊ သူ့ သမီးအပေါ်တောင် ဘယ်လိုသဘောထားဆက်ဆံတယ်ဆိုတာ သမီးအမြင်ပါပဲ ဒီတော့ သားနဲ့ ပက်သက်ပြီး စိတ်ရှည်ရှည်ထားစေချင်ပါတယ်၊ သူ့စကားအပြောအဆိုမှာ းခဲ့ရင် မပြေပြစ်ခဲ့ရင် ခွင့်လွှတ်ပါနော်၊ သမီးကို ကြီးကြီးမြိုင်အားကိုးပါရစေ၊ သမီးမရှိရင် မြေးကလေးလဲ ကြီးကြီးမြို င်ဆီမှာ နေမှာ မဟုတ်တော့ဘူး”

ဒေါ်လေးမြိုင်၏ ရင်ထဲတွင် တလှိုက်လှိုက်ခံစားနေရမှု ကို တုန်ရင်နေသော သူ့အသံကဖော်ပြနေ၏ ။

စိမ့်သည် သားနှင့် မြေးကြားတွင် ဗျာများ နေသော ဒေါ်လေးမြိုင်ကို နှလုံးသားနူးညံ့သူကလေးပီပီ သနားကြင်နာစိတ် ယိုဖိတ်လာမိ၏ ။

“ စိတ်ချပါ ကြီးကြီးမြိုင်၊ စိမ့်နဲ့တော့ ပြဿ  နာမပေါ်စေရပါဘူး၊ ပြဿ နာပေါ်လာရင်တောင် စိမ့် မီမီကလေးကို ငဲ့ကွက်အုံးမှာ ပါ ကြီးကြီးမြိုင်”

“ ကျေးဇူးတင်ပါတယ် သမီးရယ် ... ကြီးကြီးမြိုင် သမီးကို သိပ်ကျေးဇူးတင်ပါတယ် ”

ဒေါ်လေးမြိုင်သည် စိမ့်၏ အဖြေကြောင့် ပြုံး ပြုံးရွှင်ရွှင် ဖြစ်လာ၏ ၊ ရီရီမောမောနှင့် ထမင်းစားရင်း သူကချည်း စကားတွေ ဖောင်လောက်အောင် ပြောနေပေသည်။ ဒေါ်လေးမြိုင်၏ ကိုယ်ခန္ဓာ လှုပ်ရှားလေတိုင်း သူ့နားတွဲ တွဲ ကလေး နှစ်ဘက်တွင် ပန်ဆင်ထားသော စိန်နားကပ်ကြီး တစုံသည် မီးရောင် ဘက်၌ ပြိုး ပြိုး ပြတ်ပြတ် ရောင် စုံယှက်နေ၏ ။

စိမ့်နှင့် ဒေါ်လေးမြိုင်တို့ ထမင်းစားရင်း စကားလက်ဆုံကျနေရာသို့ ဒေါက်တာကျော်နောင် ရောက်ရှိလာ၏ ။

“ လာ ...... သား ...”

ဒေါ်လေးမြိုင်အနီး ကုလားထိုင်တလုံးတွင် ဒေါက်တာကျော်နောင်က ဝင်ထိုင်ကာ စိမ့်ထံသို့ တချက်လှမ်းကြည့်လိုက်သည်။ သူ့မျက်နှာသည် စောစောကလောက် တင်းမာခက်ထန်၍ မနေတော့

“ ထမင်းစားအုန်းမလား သားလေး”

“ မစားတော့ပါဘူး မေမေ ”

စိမ့်သည် သူ့ရှေ့တည့်တည့်တွင် ထိုင်နေသော ဒေါက်တာ ကျော်နောင်ကို မသိမသာ အကဲခတ်နေ၏ ။

စိမ့်သည် ဒေါက်တာ ကျော်နောင်ကို စတွေ့ စက အသက်လေးဆယ်ကျော်ခန့်ရှိမည် ဟု ခန့်မှန်းမိ၏ ။ ယခု သေသေချာချာ တွေ့ ရပြန်တော့ သူထင်မှတ်သည်ထက် ဒေါက်တာ ကျော်နောင်မှာ ငယ်ရွယ်နေကြောင်း တွေ့ ရှိရ၏ ။

အသား ညိုစိမ့်စမ့် အရပ်အမောင်း ထောင်ထောင်မောင်းမောင်း၊ ခန္ဓာကိုယ် ထွားထွား ကျိုင်းကျိုင်းနှင့် ဒေါက်တာ ကျော်နောင်မှာ ခန့်ညားသော ဥပဓိရုပ်ရှိသူ ဖြစ်၏ ။ သုန်မှု န်သော မျက်နှာထားက သူ၏ ရုပ်ရည်ကို ရင့်ယော် နေသယောင် ထင်မှတ်ရ၏ ။

ဒေါ်လေးမြိုင်က စိမ့်ဘက်သို့ လှည့်ကြည့်ကာ ပြုံး လိုက်သည်။

"သမီးကို မိတ်ဆက်ပေးရအုန်းမယ် ၊ ဒါ .... ကြီးကြီးမြိုင်သား ကျော်နောင်၊ သား ... သူက မိမိကလေးဆရာမ စောနန်းထွေး စိမ့်လို့လဲ ခေါ်တယ် "

ဒေါက်တာကျော်နောင်က စိမ့်မျက်နှာကို ခပ်တည်တည်ပင် လှမ်းကြည့်နေ၏ ။

စိမ့်ကလည်း တပြားသားမှမလျှော့မပေး၊ အားကျမခံ တည်တည်ပင် ပြန်ကြည့်နေ၏ ။

ဒေါက်တာကျော်နောင်သည် သူ့အား မျက်နှာထားတည်တည်နှင့် ပြန်ကြည့်နေသော စိမ့်ကို ကြည့်ရင်းက လှိုက်လှိုက်လှဲလှဲကြီး ပြုံး လာ၏ ။

"ဟင် ... ဘယ်လိုလူစားမျိုး ပါလိမ့်.....ရူးများ နေသလား မသိဘူး ..."

ယင်းသို့ စိမ့်သည် တွေ းမိရင်း၊ မျက်နှာကလေးမဲ့သွားမိ၏ ။

"စောနန်းထွေးဆိုတဲ့ နာမည် ကြီးက ခေါ်ရတာ ရှည်လွန်းပါတယ်၊ စိမ့်လို့ တလုံးထဲခေါ်ပြန်တော့လဲ ... သိပ်ရင်းနှီးလွန်းရာကျတယ်၊ အကောင်းဆုံး ကတော့ ဆရာမ .....အင်း ဟုတ်ပြီ...... ကျွန်တော် ဆရာမ လို့ပဲ ခေါ်ပါရစေ......"

ဒေါ်လေးမြိုင်သည် သားကိုတလှည့်၊ စိမ့်ကိုတလှည့်ကြည့်ကာ မျက်လုံးပြူး နေ၏ ။

" ဒေါက်တာအနေနဲ့ ကျွန်မကို တရင်းတနှီး ခေါ်စရာလဲ မလိုပါဘူး ... ဆရာမ လို့ခေါ်တာ အသင့်တော် ဆုံးပါပဲ ...."

" အဲ ....ဟုတ်ပြီ ...ဆရာမ ကိုတွေ ့ချင်တာနဲ့ ကျွန်တော် ဒီအခန်းထဲ ဝင်လာတာ ....အကြောင်းက ....မနက်ဖြန် မိမိကို ဒေါက်တာ သက်ဆွေဆီ ခေါ်သွားဖို့ပါပဲ၊ သူ့ကျန်းမာရေး

အတွက် ဆေးစစ်ဖို့ပါ ...... ဟောဒီစာကြည့်ခန်းကိုဖြတ်သွားရင် တံခါးတခုတွေ့ရလိမ့်မယ်၊ အဲဒီ တံခါးကိုဖွင့်ရင် ကျွန်တော့် ဓါတ်ခွဲခန်းနဲ့ စမ်းသပ်ခန်းရှိတယ်၊ အဲဒီ မှာ မိမို့ကို သက်ဆွေဆေးစစ်လိမ့်မယ် .... ဒါပါပဲခင်ဗျာ .....”

“ ကောင်းပါပြီ .... ကျွန်မခေါ် သွားပါ့မယ် ၊ အချိန်က ......”

“ အောင် ....ဟုတ်ပါရဲ့ ....မနက်ရှစ်နာရီပါ”

“ ဟုတ်ကဲ့ ....”

“ ကဲ .... ကျွန်တော့် ကို ခွင့်ပြုပါအုံး ...”

“ ပြောပြောဆိုဆို ဒေါက်တာ ကျော်နောင်သည် ခပ်သွက်သွက်ခြေလှမ်းကာ အခန်းထဲမှ ထွက်ခွာသွား၏ ။

“ ဟင်း....”

ဒေါ်လေးမြိုင်သည် သား ဖြစ်သူ၏ နောက်ကျောကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

“ အဲဒါသာကြည့်တော့ သမီးရယ် ၊ လူ့ဝစာ ဖြစ်သွားတာပဲ၊ လှမြတ်သူဇာကို ဘယ်လောက်စိတ်နာသွားတယ်ဆိုတာ ခန့်မှန်းသာ ကြည့်ပေတော့ကွယ် ...”

စိမ့်သည် ဒေါ်လေးမြိုင်ကို စကားတခွန်းမျှမပြောပဲ ပြုံး ၍ သာ ကြည့်နေ၏ ။

“ သမီး ဒီအိမ်မှာ နေရထိုင်ရတာ ဘာမှ အားတုန့် အားနာ ဖြစ်မနေနဲ့နော် ၊ စားချင်တာရှိပြော .... သွားချင်တာရှိပြော.... ကိုယ့်အိမ်ကိုယ့်ရာလိုပဲ သဘောထားပါ ...”

“ကျေးဇူးတင်ပါတယ် ကြီးကြီးမြိုင်၊ စိမ့်အနေနဲ့ ကတော့ သွားစရာဆိုလို့ တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်း သွားချင်တာကလွဲလို့ ဘယ်မှ မရှိပါဘူး ...”

“ သွားပါ...... သွားပါ ....ဘုရားရှိခိုးကျောင်းက ဒီအနားလေးမှာ ပါ၊ အိမ်မှာ လဲ ကားရှိနေတာပဲ၊ ငါ့သမီးက ငယ်ငယ်ရွယ်ရွယ်နဲ့ ဘုရားတရား တော် တော် ကိုင်းရှိုင်းပုံရတယ်

.....”

“ ငယ်ငယ်က ကလေးထဲက တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသွားနေကျဆိုတော့ အကျင့်ပါနေပြီ၊ ကြီးကြီးမြိုင် နောက်ပြီးတော့ စိမ့်တို့ဘာသာမှာ အကြောင်းကိစ္စကြီးငယ်မရှိပဲ၊ ဘုရားကျောင်း အတက်ပျက်ရင် အပြစ်ကြီးတယ်၊ သော ကြာနေ့မှာ လဲ သားကြီး ငါးကြီး ရှောင်ရတယ်၊ စိမ့်တို့ဘာသာက ဗုဒ္ဓဘာသာနဲ့ ခပ်ဆင်ဆင်ပဲ၊ ဗုဒ္ဓဘာသာမှာ ဆင်းတုတော် ကိုးကွယ်သလို၊ စိမ့်တို့မှာ လဲ ကိုးကွယ်တယ်။ စိတ်ပုတီးလဲစိတ်ရတယ်။ ဥပုသ်သီလလဲ စောင့်ရတယ်၊ ကြီးကြီးမြိုင်တို့ ဘာသာမှာ ငါးပါးသီလ ဆယ်ပါးသီလရှိသလို စိမ့်တို့ဘာသာမှာ လဲ ပညတ်တော် ဆယ်ပါးဆိုတာလဲရှိတယ် ကြီးကြီးမြိုင် ....”

“ အင်း.... ဘာသာတရားဆိုတာက ကောင်းရာကို အားလုံးညွှန်ပြကြတာပါပဲသမီး တကယ်တော့ ဘုရားဆိုတာ တဆူထဲပါကွယ်၊ ကြီးကြီးမြိုင်တို့ ကတော့ ဘာသာရေး နဲ့ ပက်သက်လို့ မကွဲပြားပါဘူး ... ဒါနဲ့ စိမ့်မိဘတွေ က ရှမ်းအစစ်တွေ ပဲလားဟင် ......”

“ ပါပါ ကတော့ ရှမ်းအစစ်ပါ၊ မေမေက ရှမ်းဗမာကပြားပါ ကြီးကြီးမြိုင် ....”

“ အော် ......အော်......ဒါဖြင့် သမီးမှာ ဗမာသွေး နှစ် ဆယ့်ငါးရာခိုင်နှုန်းလောက်ပဲ ပါတာပေါ့ မိဘများ ကကော ဘာလုပ်ကိုင်စားကြသလဲ ....”

“ပါပါက မက်မန်းခြံလုပ်ပါတယ် ကြီးကြီးမြိုင် မေမေ ကတော့ အိမ်မှာ ပါပဲ ....”

“ လောက်လောက်ငှငှတော့ ရှိပါတယ်နော် ....”

“ လောက်ပါတယ် ကြီးကြီးမြိုင် ...”

ထမင်းပွဲသိမ်းပြီးလျှင် ဒေါ်လှကြီးက ငှက်ပျောသီး၊ ဒူးရင်းယိုနှင့် ကျောက်ဖရုံယို ပန်းကန်များ ကို လာချပေးပြန်၏ ။

“ စားပါအုံး စိမ့်ကြီးကြီးမြိုင်တို့ ကတော့ ထမင်းစားပြီးရင် အချိုအချဉ်ကလေး

စားတာ အကျင့် ဖြစ်နေပြီ၊ မြေးကလေးရေ လာပါအုံးကွယ် .......”

ဒေါ်လေးမြိုင်သည် ပန်းကန်ထဲမှ ကျောက်ဖရုံယိုတခုကို ယူကာ မီမီကလေးကိုပါ တလက်စထဲ ခေါ်နေ၏ ။

“လာပြီ ဖွားဖွား .....”

ပြန်ဖြေသံနှင့် အတူ မီမီကလေးသည် ထမင်းစားခန်းထဲသို့ ပြေးဝင်လာ၏ ။

“ ရော့ .... ဖွားဖွားက မြေးကလေးကို ဖရုံယို ကျွေးမလို့ခေါ်တာ ”

မီမီက ဖွားအေ၏ လက်ထဲမှ စားစရာကိုယူလိုက်သည်။

“ဖွားဖွား စာအုပ်ဘီဒိုတွေ ထားတဲ့ အခန်းထဲကို ဖေဖေဝင်သွားတယ် ဘာလာလုပ်တာလဲဟင် ”

“ငါ့မြေး ဖေဖေက ဒီလိုပဲ အချိန်အားရင် စာဖတ်တယ်၊ လူနာတွေ ကို တိုက်ဖို့ဆေးစပ်တယ်၊ စမ်းသပ်မှု တွေ လုပ်တယ်”

မီမီသည် လက်ညှိုးကလေးကို ကိုက်ကာ စဉ်းစား နေပြန်၏ ။

“ဒါဖြင့် ဖေဖေက မအိပ်ပဲနဲ့ အလုပ်လုပ်နေတာ လူနာတွေ ကို ချစ်လို့ပေါ့နော် ....”

ဒေါ်လေးမြိုင်သည် မြေးကလေး၏ အမေးကို သဘောကျဟန်ဖြင့် ပြုံး ၍ ကလေး၏ ဦးခေါင်းကို ပွတ်သပ်ပေးနေ၏ ။

“မြေးကလေး ဖေဖေက သူ့ လူနာတွေ ကို သိပ်ချစ်တာပေါ့ကွယ်။....ကဲ.... စိမ့်လဲရောက်ကထဲက စကား ထိုင်ပြောနေရတာ ညောင်းရှာရော့မယ် .... အနားယူချင်ယူပါ စိမ့် ....”

“ စိမ့်စိမ့် ..... ဒီနေ့ည မီမီကို စာသင်ပေးအုံးမှာ လား....”

“ ဒီနေ့တော့ နေပါစေကွယ် မနက်ဖြန် ညကျတော့ စာသင်ရမယ်နော် ...”

“ ဟုတ်ကဲ့...”

ထိုနေ့အဖို့ စိမ့်နှင့် မီမီကလေးတို့သည် အိပ်ရာ စောစောဝင်ခဲ့ကြ၏ ။

•••